ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်္ဂ(ဓမ္မပဒ-၁၇၂)

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 14 February 2024 ၁၁၃၇၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေး

## ပါတီစုံဒီမိုကရေစီစနစ်တွင် ပါတီများအနေဖြင့် ပါတီနိုင်ငံရေးလှုပ်ရှားမှုရှိရမည်ဖြစ်သကဲ့သို့ နိုင်ငံ့အရေးကိုဆောင်ရွက်သည့် နိုင်ငံရေးကိုလည်းဆောင်ရွက်ရန်လို

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

ကျွန်တော်တို့အားလုံး စစ်ကိုမုန်းလို့ စစ်တိုက်နေကြရတယ်။ ငြိမ်းချမ်းရေးရချင်လွန်းလို့ စစ်မတိုက်ချင်ဘဲ တိုက်နေကြရတယ်။ ယခုအချိန်မှာ ကမ္ဘာကြီးမငြိမ်းချမ်းသလို နိုင်ငံတွင်း ဒေသအချို့မှာလည်း မအေးချမ်းလှပါဘူး။ ငြိမ်းချမ်းရေးနဲ့ အဖျက်မှာအဖျက်ကသာ ပိုအားကောင်းနေတယ်။ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားတွေစည်းစည်းလုံးလုံးမရှိအောင်နဲ့ အချုပ်အခြာကျိုးပဲ့မယ့် အသက်တမျှ အန္တရာယ်တွေကို ဟန့်တားလို့ ရမယ့်အခြေအနေဟာ ယနေ့ပြည်သူ့စစ်မှုထမ်းခြင်းနဲ့ ပြည်သူ့စစ်မဟာဗျူဟာတစ်ရပ် ကျင့်သုံးခြင်းပါပဲ။ ဆောင်းပါး စာမျက်နှာ » ၆

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်း** စာမျက်နှာ » ၄

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး** စာမျက်နှာ » ၇

ကြေးမုံ

# ဥမကွဲသိုက်မပျက် ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးတစ်ရာကျော် နှစ်ပေါင်းထောင်ချီ စုစည်းနေထိုင်ခဲ့သောနိုင်ငံဖြစ်သည်။ မရှိအတူ ရှိအတူ အေးအတူ ပူအမျှ အတူတကွ လက်တွဲနေထိုင်ခဲ့ကြပြီး အန္တရာယ်ရန်စွယ်အပေါင်းတို့ကို လက်တွဲတွန်းလှန်ခဲ့ကြသည်။ သို့သော် ကိုလိုနီလက်အောက်သို့ ကျရောက်သည့်အခါ သွေးခွဲအုပ်ချုပ်မှုပရိယာယ်ကြောင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားခဲ့ကြသည်။

လွတ်လပ်ရေးရရှိသောအခါ စိတ်ဝမ်းကွဲပြားမှုအကျိုးဆက်ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ မျက်မှောက်ကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်တွင်း/ပြည်ပမှ အဖျက်သမားများက မြန်မာနိုင်ငံအကျိုးကို မလိုလားသော ပြည်ပအင်အားကြီးနိုင်ငံအချို့၏ သွေးထိုးမြှောက်ပင့်ပေးမှုဖြင့် ဆူပူအကြမ်းဖက်မှုမျိုးစုံနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး အဖျက်လုပ်ရပ်များ လုပ်ကိုင်လာမှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာရရှိခဲ့ကြသည့်အပြင် ဆင်းရဲဒုက္ခအမျိုးမျိုးကို ကြုံတွေ့ခံစားနေရသည်။

အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်များကြောင့် နိုင်ငံတော်၏ အရင်းအမြစ်များ များစွာဆုံးရှုံးထိခိုက်ပျက်စီးခဲ့ရပြီး တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် နှောင့်နှေးကြန့်ကြာစေခဲ့သည်။ လက်နက်ကိုင်သောင်းကျန်းသူများသည် တိုင်းပြည်နှင့် လူမျိုးများ၏ အနာဂတ်ကို အလေးမထားဘဲ ၎င်းတို့အာဏာထူထောင်လိုမှု၊ ကိုယ်ကျိုးစီးပွားဖြစ်ထွန်းလိုမှုကို လူမျိုးရေး၊ ဝါဒရေး အကြောင်းပြလျက် အဖျက်လုပ်ရပ်များ တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိသည်။ ရေရှည်တွင် နိုင်ငံတော်အတွက် အဘက်ဘက်၌ အန္တရာယ်ကြီးမားလာသည်ကို အားလုံးက သိမြင်ပြီး သတိတရားဖြင့် ထိန်းသိမ်းကာကွယ်ကြရန် လိုအပ်နေပြီဖြစ်သည်။

တပ်မတော်သည် ပြည်ထောင်စုကြီးအကျိုးကို အစဉ်အမြဲရှေးရှုလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ထားကာ စောင့်ရှောက်ကာကွယ်လျက်ရှိသည်။ တပ်မတော်သားများသည် တိုင်းရင်းသားပြည်သူများ၏ သားသမီးများဖြစ်၍ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်ဖြင့် ပြည်ထောင်စုကြီးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”ဆိုသည့်အတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့၏ အားပေးထောက်ခံမှုဖြင့် တပ်မတော်နှင့် ပြည်သူ တစ်သားတည်းရပ်တည်မှုတို့သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတစ်ရပ်ဖြစ်သည်။

ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိလာစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူကြည်ဖြူစွာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် အရေးကြီးပေသည်။ နိုင်ငံတော်အစိုးရသည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဘက်စုံထောင့်စုံတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအကြား အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးသည် အားလုံး၏မျှော်လင့်ချက်ဖြစ်သဖြင့် ငြိမ်းချမ်းရေးကို လက်နက်ကိုင်နည်းလမ်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းကြရန် လိုအပ်ပါသည်။ လက်နက်ကိုင်နည်းလမ်းဖြင့်ဖြေရှင်းခြင်းသည် မည်သည့်အခါမျှ အောင်မြင်မှုမရရှိဘဲ ရေရှည်တွင် တိုင်းပြည်နှင့်လူမျိုးသာ ထိခိုက်နစ်နာစေသဖြင့် လက်နက်ကိုင်လမ်းစဉ်ကို ရှောင်ရှားကြရမည်ဖြစ်သည်။

နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တွင် တိုင်းရင်းသားအဖွဲ့အချို့က တောင်းဆိုနေသော အချက်များအားလုံး ပါဝင်ပြီးဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားအရေး၊ တိုင်းရင်းသားလိုအပ်ချက်များ ရရှိလိုသည်မှာ မှန်ကန်ပါက နိုင်ငံရေးနည်းလမ်းဖြင့် ရယူနိုင်သည့် ခင်းကျင်းပေးလျက်ရှိသော လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရမည်ဖြစ်သည်။ ဒို့တာဝန်အရေး (၃)ပါးကို အမျိုးသားရေးလုပ်ငန်းစဉ် (၃)ရပ်အဖြစ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်က ခိုင်ခိုင်မာမာ တည်ဆောက်ထားခြင်းဖြစ်သဖြင့် အထိအခိုက်ခံမည်မဟုတ်ကြောင်း အတိအလင်းပြောကြားထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်အတွင်း ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို သက်ဆိုင်ရာဒေသနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသာ ထိခိုက်ခံစားနေကြရမည်ဖြစ်သောကြောင့် မိမိတို့ဒေသအကျိုး၊ တိုင်းပြည်အကျိုးကို ရှေးရှု၍ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းကြကာ မျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာအောင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။



ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမင်းစမ်းအေး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာ ရတနာအောင်မြေ ဘုန်းတော်ကြီးကျောင်းတွင် ဖေဖော်ဝါရီ ၉ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ (၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် နှမ်းမနဲထိုးပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ (၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် နှမ်းမနဲထိုးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၏ ဘုရားကြီးဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၏ (၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နှမ်းမနဲထိုးပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသောလုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ “ပြည်ထောင်စုနေ့နှင့်အမျိုးသားရေးတာဝန်”ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။ အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “အပါယ်မကြောက်၊ ငရဲမကြောက် သတ်ဖြတ်နေကြသူများ” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၂ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၅၅၈ | ၄,၈၅၄,၆၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၃၅၈ | ၁,၀၅၀,၇၀၀ |
| MCB | ၆,၉၀၀ | ၇,၇၀၀ | ၇၂၆ | ၅,၁၃၁,၆၀၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၆၆၇ | ၁,၀၂၇,၂၅၀ |
| TMH | ၂,၅၀၀ | ၂,၄၀၀ | ၁၃ | ၃၁,၅၀၀ |
| EFR | ၁,၉၀၀ | ၁,၈၅၀ | ၇၂ | ၁၃၀,၈၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၈,၆၇၀ | ၁၄,၈၈၂,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရှေ့ဖုံးမှ**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာသီတာဦး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး၊ ဥပဒေဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၄၂ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာ၌ ဇန်နဝါရီလပထမပတ်အတွင်း နိုင်ငံရေးပါတီများနှင့် တွေ့ဆုံပြီးနောက် နိုင်ငံရေးပါတီများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလွယ်ကူစေရေးအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဦးစွာပြင်ဆင်ပေးခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ လိုအပ်သည့် ဥပဒေပြင်ဆင်မှုများအား ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအတွက် လိုအပ်သည်များကို နိုင်ငံတော်မှတတ်နိုင်သရွေ့ ဖြည့်ဆည်းပေးမည်ဖြစ်သော်လည်း ပါတီများအနေဖြင့်လည်း ကိုယ်ပိုင်ကြိုးစားအားထုတ်မှုများဖြင့် ဆောင်ရွက်ကြရန်လည်းလိုကြောင်း၊ **တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရေးနှင့် ခိုင်မာစေရေးကို အာမခံထားပြီးဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် ပါတီများအနေဖြင့် ပါတီနိုင်ငံရေးလှုပ်ရှားမှုရှိရမည်ဖြစ်သကဲ့သို့ နိုင်ငံ့အရေးကို ဆောင်ရွက်သည့် နိုင်ငံရေးကိုလည်းဆောင်ရွက်ရန်လိုကြောင်း။**

**ခံ့ခံ့ညားညားရှိရန်လို**

ပါတီများအနေဖြင့် တိုင်းရင်းသားလူမျိုးကို ကိုယ်စားပြုသည့်ပါတီ၊ ဒေသကို ကိုယ်စားပြုသည့်ပါတီ၊ တစ်နိုင်ငံလုံးကိုလွှမ်းခြုံကိုယ်စားပြုသည့်ပါတီဟူ၍ရှိကြောင်း၊ ပါတီများသည် ခိုင်ခိုင်မာမာဖြစ်ရန်လိုပြီး ပါတီတွင်းဒီမိုကရေစီ တည်ဆောက်ရန်လည်းလိုကြောင်း၊ ပါတီကိုဦးဆောင်သူမရှိသဖြင့် ပါတီယိမ်းယိုင်ခြင်း၊ ပျက်စီးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပါတီဖျက်သိမ်းရခြင်းများ မဖြစ်စေလိုဘဲ ခိုင်ခိုင်မာမာရှိစေလိုကြောင်း၊ ထို့ကြောင့် ခိုင်မာသည့် ပါတီတည်ဆောက်မှုဖြစ်ရန်လိုပြီး ပါတီဝင်များ၏ ဝန်းရံမှုများ ခိုင်မာရန်လိုကြောင်း၊ မိမိတို့ပါတီအလိုက် ဖွဲ့စည်းတည်ဆောက်ပုံနှင့် စည်းလုံးညီညွတ်မှုလက္ခဏာသည်လည်း ခံ့ခံ့ညားညားရှိရန်လိုကြောင်း။

ပါတီများ ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဥပဒေအရ လုပ်နိုင် ကိုင်နိုင်သည့် အခြေအနေတွင်ရှိစေရေး လိုအပ်သည့် ပြင်ဆင်မှုများကို လုပ်ပေးပြီးဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံရေးအရ၊ လုံခြုံရေးအရ လုပ်နိုင်ကိုင်နိုင်သည့်အနေအထားတွင် ရှိရန်လည်း လိုမည်ဖြစ်ကြောင်း၊ အချို့သော မြို့နယ်များ၌ လုံခြုံရေးအရ ပါတီလှုပ်ရှားမှုများ ဆောင်ရွက်ရန် အခက်အခဲရှိမည်ဖြစ်သော်လည်း ပါတီများအလိုက် မိမိတို့လုပ်နိုင်သည့်အခြေအနေတွင်ရှိသည့် ဒေသများ၌ ပါတီလှုပ်ရှားမှုများကို ပြည်သူလူထုနှင့် အဆက်မပြတ် ထိတွေ့ဆောင်ရွက်နေရန်လိုကြောင်း၊ ပါတီဖွဲ့စည်းထားသည့် မြို့နယ်များ၊ ဖွဲ့စည်းရန် ရည်ရွယ်ထားသည့် မြို့နယ်များ၌ အရှိန်အဟုန်ဖြင့် လှုပ်ရှားမှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပါတီနိုင်ငံရေးဆိုသည်မှာ မိမိတို့ပါတီ၏မူဝါဒများကို ပြည်သူအများက လက်ခံလာအောင်၊ ပါတီဝင်များဖြစ်လာအောင် လုပ်ဆောင်ခြင်းဖြစ်ပြီး ပါတီနိုင်ငံရေးမှတစ်ဆင့် နိုင်ငံ့အရေးကို ဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ **နိုင်ငံ့အရေးသည် ပထမ၊ ပါတီအရေးသည် ဒုတိယဖြစ်ပြီး နိုင်ငံနှင့်ပါတီယှဉ်လာပါက နိုင်ငံ့အကျိုးကိုသာ ဦးစားပေးရန်လိုပြီး** နိုင်ငံသည်သာလျှင် အဓိကအရေးအကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် ပါတီအရေးကို ဆောင်ရွက်သည့်အခါတွင် နိုင်ငံ့အရေးကိုလည်း စဉ်းစားဆောင်ရွက်သည့် အလေ့အကျင့်ကို ဖော်ဆောင်ကျင့်သုံးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိနိုင်ငံ့အရေးနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများက ပါဝင်ဆောင်ရွက်ရန် အချက်သုံးခုရှိကြောင်း။

နိုင်ငံ၏ စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့အရေးဖြစ်သည့်အတွက် ပါတီများအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ စီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ ၅၆ သန်းအနက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍ ဆောင်ရွက်သူ ၄၈ ဒသမ ၂ ရာခိုင်နှုန်း၊ လက်မှုပညာနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်သူ ၁၄ ဒသမ ၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်သူ ၁၀ ဒသမ ၄ ရာခိုင်နှုန်း၊ အခြေခံအလုပ်သမား ဆောင်ရွက်သူ ၁၁ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး နိုင်ငံ့လူဦးရေ၏ ၈၄ ဒသမ ၉ ရာခိုင်နှုန်းသည် ယင်းကဏ္ဍကြီး (၄) ရပ်ကိုသာအခြေခံ၍ ဆောင်ရွက်ရသည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကဏ္ဍကြီး (၄) ရပ် တိုးတက်စေရေး၊ ပိုမို အားကောင်းလာစေရေး ပါတီများအနေဖြင့်

> ☆ **နိုင်ငံ့အရေးသည် ပထမ၊ ပါတီအရေးသည် ဒုတိယဖြစ်ပြီး နိုင်ငံနှင့်ပါတီယှဉ်လာပါက နိုင်ငံ့အကျိုးကိုသာ ဦးစားပေးရန်လို**
>
> ☆ **ပါတီများအနေဖြင့်လည်း နိုင်ငံ့အရေးဆောင်ရွက်ရာတွင် စီးပွားရေးအရ၊ ပညာရေးအရ မြှင့်တင်မှုအခန်းကဏ္ဍ၌ ပါဝင်လာစေရေး တိုက်တွန်းပြောကြားရခြင်းဖြစ်**
>
> ☆ **ပါတီစုံဒီမိုကရေစီစနစ်တွင် သဘောထားကွဲလွဲမှုများရှိမည် ဖြစ်သော်လည်း လိုလားချက်များကို အကြမ်းဖက်သည့် လမ်းစဉ်ဖြင့် လက်နက်ကိုင်တောင်းဆို၍မရဘဲ ဥပဒေအရသာ တောင်းဆိုရမည်**
>
> ☆ **နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ကြောင်း၊ ယင်းဥပဒေသည် နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ယခင်ကတည်းကပင် ပြဋ္ဌာန်းခဲ့သည့်ဥပဒေဖြစ်**
>
> ☆ **နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်လိုကြောင်း၊ သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့်အင်အားသာ တာဝန်ထမ်းဆောင်ရန်ဖြစ်ပြီး ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာသည့်အခြေအနေဖြစ်အောင် ဆောင်ရွက်သွားမည်**
>
> ☆ **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်ပါက မိမိတို့အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်**

ပါတီနိုင်ငံရေးဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းက ပါတီဝင်များဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ **စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံ့အရေးအဖြစ်ခံယူ၍ ပါတီများအနေဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလို**ကြောင်း။

ပညာရေးနှင့် ပတ်သက်ပါကလည်း မိမိတို့နိုင်ငံတွင် အားနည်းချက်များစွာရှိနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် နောင်အနာဂတ်နိုင်ငံတော်ကို ပညာတတ်လူသားအရင်းအမြစ်များဖြင့် တည်ဆောက်နိုင်ရေးအတွက်လည်း ပါတီများအလိုက် ကြိုးစားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လက်ရှိအချိန်၌လည်း အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် အချို့သောနယ်မြေများ၌ ကျောင်းနေအရွယ်ကလေးငယ်များစွာ၏ ပညာရေး များစွာထိခိုက်နစ်နာနေရကြောင်း၊ ပညာရေးတွင် အားနည်းချက်များရှိခဲ့ပါက နောင်အနာဂတ်နိုင်ငံတော်အတွက် အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်ပြီး အတွေးအခေါ်၊ အသိအမြင်နှင့် စည်းကမ်းလိုက်နာမှုအပိုင်းတို့၌ ကွာဟမှုများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများအနေဖြင့် ကလေးငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ကောင်းမွန်သည့်လမ်းကြောင်းပေါ်မှ မြှင့်တင်ပေးနိုင်ရေး၊ လမ်းညွှန်ပေးနိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ **ပါတီများအနေဖြင့်လည်း နိုင်ငံ့အရေးဆောင်ရွက်ရာတွင် စီးပွားရေးအရ၊ ပညာရေးအရ မြှင့်တင်မှုအခန်းကဏ္ဍ၌ ပါဝင်လာစေရေး တိုက်တွန်းပြောကြားရခြင်းဖြစ်**ကြောင်း။

တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် ယခုအချိန်အထိ ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ်တွင်သာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **ပါတီစုံဒီမိုကရေစီစနစ်တွင် သဘောထားကွဲလွဲမှုများရှိမည်ဖြစ်သော်လည်း လိုလားချက်များကို အကြမ်းဖက်သည့် လမ်းစဉ်ဖြင့် လက်နက်ကိုင် တောင်းဆို၍မရဘဲ ဥပဒေအရသာ တောင်းဆိုရမည်ဖြစ်**ကြောင်း၊ နိုင်ငံရေးနည်းလမ်းအရ ဆောင်ရွက်ခြင်းမပြုဘဲ လက်နက်ကိုင်၍ တောင်းဆိုခြင်းကို တပ်မတော်အနေဖြင့် လုံးဝလက်ခံမည်မဟုတ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍လည်း တပ်မတော်အနေဖြင့် သဘောတူညီထားပြီးဖြစ်ပြီး ပြင်ဆင်သင့်သည့်ဥပဒေများကို လွှတ်တော်လမ်းကြောင်းပေါ်၌ ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ လွှတ်တော်မတိုင်မီ ဥပဒေမထုတ်ပြန်နိုင်သေးပါက ပြည်ထောင်စုမှဥပဒေကဲ့သို့အာဏာတည်သောအမိန့်နှင့် ညွှန်ကြားချက်များထုတ်ပြန်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လုပ်ဆောင်ပေး၍ရကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမည်ဆိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း ဖက်ဒရယ်စနစ်အပေါ်တွင် ယုံကြည်မှုပိုမိုရှိလာမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသောကဏ္ဍများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေပြဋ္ဌာန်းပြီး လုပ်ဆောင်၍ ရသည်များရှိသော်လည်း မလုပ်သည့်အတွက် အချို့နေရာများတွင် အခက်အခဲများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း။

လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ဖြစ်ပေါ်လာစေရေးအတွက် တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ **နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ကြောင်း၊ ယင်းဥပဒေသည် နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ယခင်ကတည်းကပင် ပြဋ္ဌာန်းခဲ့သည့်ဥပဒေဖြစ်**ကြောင်း၊ ယင်းဥပဒေနှင့်ပတ်သက်၍ တွက်ချက်ချင့်ချိန်ဆောင်ရွက်သွားမည်ဖြစ်ပြီး **နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်လိုကြောင်း၊ သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့် အင်အားသာ တာဝန်ထမ်းဆောင်ရန်ဖြစ်ပြီး ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာသည့် အခြေအနေဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

ထို့ပြင် အရန်တပ်ဖွဲ့ဥပဒေအာဏာတည်သည့် အမိန့်ကိုလည်း ယနေ့တွင် စတင်ထုတ်ပြန်မည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းများအနေဖြင့်နိုင်ငံတော်၏ ကာကွယ်ရေးအင်အားတွင် ပြန်လည်ထမ်းဆောင်ရန် တောင်းဆိုမှုများပြားလာသဖြင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမည်ဟု မဆိုလိုဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယင်းဥပဒေနှစ်ရပ်ကိုအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကာကွယ်ရေးအင်အားကို တိုးမြှင့်လာစေမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားသည် မဖြစ်မနေကောင်းမွန်နေရန်လိုကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာလျှင် နိုင်ငံရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားများလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း။

**တစ်ဆင့်ပြီးတစ်ဆင့်**
**ဆက်လက်ဆောင်ရွက်သွားမည်**

**နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်ပါက မိမိတို့အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ ထိုမှတစ်ဆင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရှေ့လုပ်ငန်းစဉ် ပဉ္စမအချက်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာဖြစ်မြောက်စေရေး အုပ်ချုပ်သူအစိုးရတစ်ခုတည်းမရဘဲ နိုင်ငံရေး ပါတီများ၊ တိုင်းသူပြည်သားများအားလုံးပါဝင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံကိုကိုယ်စားပြုမည့်သူများကို နိုင်ငံရေးပါတီများမှသာ ရွေးချယ်ရမည်ဖြစ်သဖြင့် နိုင်ငံရေးပါတီများနှင့် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ဒေသနှင့် နိုင်ငံ့အကျိုးအတွက် ဆွေးနွေးကြရန်နှင့် လိုအပ်သည်များကို အကြံပြုကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပါတီတစ်ခုချင်းစီအလိုက် လိုအပ်ချက်များ၊ နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက် အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရာတွင် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် လမ်းညွှန်ချက်၊ စည်းကမ်းချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်လမ်းညွှန်မှုများဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ပါတီရုံးများ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့မှု၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရန်လိုအပ်မှုနှင့် ထောက်ခံမှု၊ နိုင်ငံတော်လုံခြုံရေးအတွက်ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ပါတီများအနေဖြင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် အခြားကဏ္ဍအသီးသီးတွင် ပါဝင်အားဖြည့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် ကိစ္စရပ်များနှင့် ပါတီများ၏ တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးပြီး လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ **စာမျက်နှာ ၄ သို့** ❖

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုအစိုးရအဖွဲ့**

အမိန့်ကြော်ငြာစာအမှတ်၊ ၁ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၆ အရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | စစ်ထောက်ချုပ် စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဎ) | စစ်ဥပဒေချုပ် စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဏ) | တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ထ) | စစ်ရေးချုပ် စစ်ရေးချုပ်ရုံး | အတွင်းရေးမှူး |
| (ဒ) | ညွှန်ကြားရေးမှူး ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး | တွဲဖက်အတွင်းရေးမှူး |

**အမိန့်အရ**

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

# အရန်တပ်ဖွဲ့ဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အရန်တပ်ဖွဲ့ဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်း**

အမိန့်ကြော်ငြာစာအမှတ် ၃၂ /၂၀၂၄
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၈/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော အရန်တပ်ဖွဲ့ဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်။

(ပုံ)

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

❖ စာမျက်နှာ ၃ မှ

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေ ဆိုင်ရာကိစ္စ၊ နိုင်ငံခြားရေးမူဝါဒဆိုင်ရာကိစ္စများနှင့် ပါတီနိုင်ငံရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက အဂတိလိုက်စားမှုဆိုင်ရာများနှင့်ပတ်သက်သည့် ဥပဒေရေးရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

**ဥပဒေကို ပိုမိုနားလည်သိရှိရန်လို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြသွားကြကြောင်း၊ **နိုင်ငံရေးပါတီများသည် ဥပဒေပြုရေးကဏ္ဍများအတွက် လွှတ်တော်များတွင် ပါဝင်ဆောင်ရွက်ကြကြောင်း၊ ဥပဒေပြုရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပါတီခေါင်းဆောင်များအနေဖြင့် ဥပဒေကို ပိုမိုနားလည်သိရှိရန်လို**ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဆန္ဒမဲပေးရာတွင် ကြိုက်နှစ်သက်သည့် ပါတီကို မဲပေး၍ရသော်လည်း ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုကြောင်း။

ပါတီတွင်းနှင့် ပါတီများစည်းလုံးညီညွတ်ရေးသည်လည်း အရေးကြီးကြောင်း၊ ယခုအတည်ပြုပြီးသား ပါတီများသည် တရားဝင်ခွင့်ပြုထားသည့် နိုင်ငံရေးဦးဆောင်ပါတီများဖြစ်ကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံလိုက်နာရန် လိုအပ်ပြီး ထိခိုက်စေမည့်ကိစ္စရပ်များ မပြုလုပ်ရန်လိုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ကြရန်လိုကြောင်း။

တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ထို့ကြောင့် မိမိတို့ခြေထောက်ပေါ်တွင်သာ ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းအားကို ဖော်ဆောင်ပေးရန်အတွက် **နိုင်ငံရေးပါတီများသည်လည်း ပါဝင်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ထင်မြင်ချက်များ များစွာပေးကြကြောင်း၊ ယင်းအတွက် ပြည်သူများ အသိပညာအားကောင်းစေရေး ပညာရေးအားကောင်းအောင် ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ အသိပညာအားကောင်းပြီး တိုင်းချစ်ပြည်ချစ်စိတ်ရှိသူများ မွေးထုတ်ပေးနိုင်ရေး အချိန်ပေး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများသည် မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့်ဖြစ်နေသည်များရှိကြောင်း၊ **တိုင်းရင်းသားအားလုံးပြည်သူများအားလုံး ပြည်ထောင်စုစိတ်ဓာတ်ရှိရန်လိုကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ရှိမှ ဒို့တာဝန် အရေးသုံးပါးကို အလေးထားမည်ဖြစ်ကြောင်း၊ သွေးထိုးလှုံ့ဆော်မှုများနှင့် အသိဉာဏ်အားနည်းပါးမှုများကြောင့် ပြည်ထောင်စုစိတ်ဓာတ်ကိုထိခိုက်စေ**လျက်ရှိကြောင်း၊ ထို့ကြောင့် ညီညွတ်ခြင်းအင်အားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုတည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ **နိုင်ငံ၏ ပြည်ထောင်စုစိတ်ဓာတ်ကို ထိခိုက်စေမည့်လုပ်ရပ်များ မလုပ်ဆောင်မိစေရေး သတိထားဆောင်ရွက်ကြစေလို**ကြောင်း။

**ပြဋ္ဌာန်းထားသည့်ဥပဒေများအတိုင်း ဆောင်ရွက်**

ပါတီများအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများအားလုံး ဆောင်ရွက်ရာတွင် ဥပဒေနှင့် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **ကောင်းသည့်စိတ်ဖြင့် လုပ်ဆောင်မည်ဆိုပါက ကောင်းသည့်ရလဒ်များရရှိမည်ဖြစ်ပြီး မကောင်းသည့်စိတ်ဖြင့် လုပ်ဆောင်မည်ဆိုပါက မကောင်းသည့် ရလဒ်များရရှိမည်ဖြစ်**ကြောင်း၊ ဥပဒေပြုမဏ္ဍိုင်တွင် ဆောင်ရွက်ရမည့် ပါတီများအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်သည် လာမည့်ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေသည့်ကာလဖြစ်ပြီး လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

> ☆ နိုင်ငံရေးပါတီများသည် ဥပဒေပြုရေးကဏ္ဍများအတွက် လွှတ်တော်များတွင် ပါဝင်ဆောင်ရွက်ကြကြောင်း၊ ဥပဒေပြုရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပါတီခေါင်းဆောင်များအနေဖြင့် ဥပဒေကို ပိုမိုနားလည်သိရှိရန်လို
>
> ☆ ပါတီတွင်းနှင့် ပါတီများစည်းလုံးညီညွတ်ရေးသည်လည်း အရေးကြီးကြောင်း၊ ယခုအတည်ပြုပြီးသားပါတီများသည် တရားဝင်ခွင့်ပြုထားသည့် နိုင်ငံရေးဦးဆောင်ပါတီများဖြစ်ကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံလိုက်နာရန်လိုအပ်ပြီး ထိခိုက်စေမည့်ကိစ္စရပ်များ မပြုလုပ်ရန်လိုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ကြရန်လို
>
> ☆ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ထို့ကြောင့် မိမိတို့ခြေထောက်ပေါ်တွင်သာ ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းအားကိုဖော်ဆောင်ပေးရန်အတွက် နိုင်ငံရေးပါတီများသည်လည်း ပါဝင်ကြောင်း၊ ပြည်သူ့ စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ထင်မြင်ချက်များ များစွာပေးကြကြောင်း၊ ယင်းအတွက် ပြည်သူများအသိပညာအားကောင်းစေရေး ပညာရေးအားကောင်းအောင် ဆောင်ရွက်သွားရမည်ဖြစ်
>
> ☆ တိုင်းရင်းသားအားလုံးပြည်သူများအားလုံး ပြည်ထောင်စုစိတ်ဓာတ်ရှိရန်လိုကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ရှိမှ ဒို့တာဝန် အရေးသုံးပါးကို အလေးထားမည်ဖြစ်ကြောင်း၊ သွေးထိုးလှုံ့ဆော်မှုများနှင့် အသိဉာဏ်အားနည်းပါးမှုများကြောင့် ပြည်ထောင်စုစိတ်ဓာတ်ကို ထိခိုက်စေလျက်ရှိ
>
> ☆ နိုင်ငံ၏ ပြည်ထောင်စုစိတ်ဓာတ်ကို ထိခိုက်စေမည့်လုပ်ရပ်များ မလုပ်ဆောင်မိစေရေး သတိထားဆောင်ရွက်ကြစေလို

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ပြည်ပနိုင်ငံများရှိ မြန်မာသံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကောင်စစ်ဝန်ချုပ်များအနက် နိုင်ငံတော်အကြီးအကဲ၏ ဩဝါဒခံယူရန် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူထားသည့် သံအမတ်ကြီးနှင့် သံရုံးယာယီတာဝန်ခံ ၁၉ ဦးနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် သံအမတ်ကြီးလေးဦးတို့အား တွေ့ဆုံသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။



**အခက်အခဲများကိုတင်ပြနိုင်ရန်**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံရုံးအကြီးအကဲများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို တာဝန်ကျရာ ကမ္ဘာ့နယ်ပယ်အသီးသီးရှိ နိုင်ငံများ၌ ပေးအပ်သော တာဝန်များကို ထမ်းဆောင်နေကြသည့်အတွက် အရေးကြီးကြောင်း၊ သံရုံးအကြီးအကဲများအနေဖြင့် ဆောင်ရွက်နေသည့်၊ တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြနိုင်ရန်၊ နိုင်ငံတော်၏ မူဝါဒများကို အချိန်နှင့်တစ်ပြေးညီ သိရှိနားလည်စေရန် ခေါ်ယူတွေ့ဆုံရခြင်းဖြစ်ကြောင်း။

နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရန် ပြည်ပတွင်တာဝန်ထမ်းဆောင်နေသော သံရုံးအကြီးအကဲများနှင့် သံရုံးဝန်ထမ်းများသာမက နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများတွင်ပါ တာဝန်ရှိကြောင်း၊ မူဝါဒကိုအကောင်အထည်ဖော်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရဘဲ နိုင်ငံတကာတွင် ယှဉ်ပြိုင်မှုဖြင့် ဆောင်ရွက်ရသည်ဖြစ်သဖြင့် မိမိအကြောင်း၊ ပြိုင်ဘက်အကြောင်းကို ပြည့်စုံစွာသိရှိရန် လိုအပ်ကြောင်း၊ စုစည်းအားဖြင့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော အခြေအနေများကို မျက်ခြည်မပြတ်စေဘဲ မိမိတို့၏ မူဝါဒအောင်မြင်အောင် ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ သံတမန်၏သဘောသဘာဝမှာ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်ရန်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေး အခြေအနေကို သံအမတ်ကြီးများ သိရှိပြီးဖြစ်ကြောင်း၊ အားသာချက် အားနည်းချက်များကို သုံးသပ်၍ အခွင့်အလမ်းရှာဖွေပြီး နိုင်ငံ့အကျိုးစီးပွားကို ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံစုံဆက်ဆံရေး၊ ဒေသတွင်းဆက်ဆံရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးများတွင် အဓိကအားဖြင့် နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာရှိရမည်ဖြစ်ကြောင်း၊ သံအမတ်ကြီးများသည် သံတမန်အတွေ့အကြုံကောင်းများရှိထားသော ဝါရင့်သံတမန်များ ဖြစ်ကြကြောင်း၊ အချို့နိုင်ငံကြီးများမှ မမှန်မကန်ဖိအားပေးမှုများ ရှိသော်လည်း နိုင်ငံ့ အကျိုးစီးပွားအတွက် ကြံ့ကြံ့ခံ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**တင်ပြ**

ထို့နောက်သံအမတ်ကြီးများနှင့် သံရုံး ယာယီတာဝန်ခံများက မြန်မာနိုင်ငံနှင့် ၎င်းတို့ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံများ၏ နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ၊ ဆက်ဆံရေးတိုးမြှင့်ရန် ဆောင်ရွက်မှုအခြေအနေ၊ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံများမှ မြန်မာနိုင်ငံအပေါ်ထားရှိသော သဘောထားများ၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းနှင့် နိုင်ငံ့အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(နေပြည်တော်)သို့ အာဟာရနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသင်တန်းကျောင်း (နေပြည်တော်)နှင့် သားဖွားသင်တန်းကျောင်း (နေပြည်တော်)တို့တွင် သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်း တက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ခာတ်ခွဲသင်တန်း တက်ရောက်လျက်ရှိသော ချင်းတိုင်းရင်းသား တိုင်းရင်းသူများထံ နေပြည်တော်ကောင်စီက အာဟာရနှင့် ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သားဖွားသင်တန်းကျောင်း(နေပြည်တော်)ရှိ ဘက်စုံသုံးခန်းမကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်များနှင့် တာဝန်ရှိသူများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်များနှင့် သင်ကြားရေးဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သင်တန်းသား သင်တန်းသူများအား အာဟာရနှင့် ထောက်ပံ့ငွေများ ပံ့ပိုးပေးရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်း တက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူ ၄၂၆ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ အာဟာရများကိုလည်းကောင်း၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် ခာတ်ခွဲသင်တန်း တက်ရောက်နေသော ချင်းတိုင်းရင်းသား တိုင်းရင်းသူ ၃၁ ဦးတို့အတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးနှင့် သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ ကျန်းမာရေးဝန်ကြီးဌာန၏ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (နေပြည်တော်) ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းလင်းက ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# စပျစ်ဝိုင်လုပ်ငန်းဆောင်ရွက်နေမှုနှင့် တန်ဖိုးမြှင့်သီးနှံ စပျစ်ခြံများအား ကြည့်ရှု

ရမည်းသင်း ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးသည် ရမည်းသင်းမြို့နယ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရမည်းသင်းမြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီက ရမည်းသင်းမြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး သမဝါယမဦးစီးဌာန နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး စနစ်တကျလိုက်နာဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**မှာကြား**

ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးသည် ရွာတန်းဒေသရှိ ခံဘူးကျေးရွာ ရွှေပြည်စိုးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းတွင် ဆောင်ရွက်လျက်ရှိသော စပျစ်ဝိုင်လုပ်ငန်းဆောင်ရွက်နေမှုနှင့် တန်ဖိုးမြှင့်သီးနှံအတွက် ပံ့ပိုးမှုများထုတ်ပေးထားသော စပျစ်ခြံများအား လှည့်လည်ကြည့်ရှုကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မြို့နယ်သမဝါယမဦးစီးဌာန တာဝန်ရှိသူများနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

ဇော်ဝင်းအောင်(ပြန်/ဆက်)

# ထုထည်ကြီးမား စုစည်းအားဖြင့် ငြိမ်းချမ်းရေးဆီရှေးရှုစို့ . . .

အခြေအနေနဲ့ အချိန်အခါအရတော့ သင့်တော်မယ်ထင်ပါတယ်။ ငြိမ်းချမ်းတယ်ဆိုတာမရှိတဲ့ အနိဋ္ဌာရုံတွေနဲ့ ကမ္ဘာကြီးထဲ ရောက်နေတာဖြစ်တဲ့အတွက်... တစ်နေရာကတစ်နေရာ စစ်ခင်းရတာ လွယ်နေတဲ့ခေတ်ကြီး၊ ဘယ်နေရာကြည့်ကြည့် နေရာလုပွဲချည်း၊ အကျိုးစီးပွား အပြိုင်အဆိုင်ခေတ်ကြီး၊ ကိုယ်ဦးကိုယ်ချ၊ သူဦးသူချ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးပါမချန် အင်အားနည်းသူကို ဖျက်ဆီးဖို့ ဝန်မလေး၊ ချနင်းခံရတဲ့ခေတ်ကြီးမှာ အင်အားကသာ အခရာဖြစ်နေတာ မဆန်းပါ။ ဒါကြောင့် အင်အားကိုတည်ဆောက်ရလိမ့်မယ်။

မိုးမြင့်

စီးပွားရေး၊ နိုင်ငံရေးလည်းပါပေမယ့် ကာကွယ်ရေးအင်အားကသာ ဒီအချိန်မှာ အဓိက ဖြစ်နေတယ်။ ကမ္ဘာ့အခြေအနေက UN ရော UNSC ပါ မြောင်းထဲရောက်နေတဲ့အခြေအနေမှာ ခွင့်မပြုလည်းဝင်တိုက်၊ ခွင့်ပြုလည်းဝင်တိုက်နေတဲ့ ကိုယ်ကျိုးစီးပွားသာ ရှေ့တန်းတင်နေတဲ့ခေတ်၊ ကမ္ဘာကြီးကိုစိုးမိုးဖို့၊ ဒေသတွင်း လွှမ်းမိုးနိုင်ရေးကသာ အဓိကဖြစ်လာနေကြပြီ။ နိုင်ငံရေးကို စစ်ရေးနည်းနဲ့ အဖြေရှာလာပြီး အကြမ်းဖက်ခြင်းကို ထွက်ပေါက်အဖြစ် ယနေ့အနိဋ္ဌာရုံအားလုံးရဲ့အရင်းအမြစ်ကို မြင်တတ်ပြီဆိုရင်... အားကိုးစရာဆိုလို့ ကိုယ့်အင်အား၊ ကိုယ့်ပြည်တွင်းအင်အားကသာ ကြိုတင်ပြင်ဆင်ထားဖို့ အဓိကဖြစ်လာပါလိမ့်မယ်။

## အားလုံးမှာ တာဝန်ရှိနေ

ကမ္ဘာ့အချို့နိုင်ငံတွေနည်းတူ မြန်မာနိုင်ငံမှာလည်း ပြည်သူ့စစ်မှုထမ်းဥပဒေတစ်ရပ်က စတင်အာဏာတည်ခဲ့ပါပြီ။ ယခုမှ အသစ်ပြဋ္ဌာန်းခြင်းမဟုတ်၊ ၁၉၅၉ ခုနှစ်ကတည်းကရှိခဲ့ပြီး ပြည်သူ့စစ်မှုထမ်းအက်ဥပဒေအရလည်းကောင်း၊ ထို ၁၉၅၉ ခုနှစ်ဥပဒေကိုပဲ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလက ထပ်မံပြင်ဆင်အတည်ပြုခဲ့ပြီးသား ပြည်သူ့စစ်မှုထမ်းဥပဒေသာ ဖြစ်ပါတယ်။ ယခင်က ကျွန်တော်တို့ပြည်သူတွေဟာ နိုင်ငံကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ဟာ စစ်သားနဲ့ဆိုင်တဲ့ စစ်သားအလုပ်ပဲလို့ ယူဆခဲ့ကြတယ်။ အမှန်စစ်သားက အဓိကဆိုပေမယ့် နိုင်ငံတစ်ဝန်းက ပြည်သူလူထုတစ်ရပ်လုံးမှာလည်း တာဝန်ရှိပါတယ်။ နိုင်ငံမလုံခြုံရင် နိုင်ငံတွင်းက ပြည်သူလည်း ဘယ်လုံခြုံနိုင်ပါ့မလဲ။

ကျူးကျော်စော်ကားသူဆိုတာ တပ်မတော်သားတင်မက အရပ်သားပြည်သူကိုလည်း ငဲ့ညှာနေမှာ မဟုတ်။ ကိုယ့်တိုင်းရင်းသားအချင်းချင်းတောင် ညှာတာမှုမရှိကြတာ၊ ပြည်သူတွေ ကိုးကွယ်ဆည်းကပ်တဲ့ ဘာသာ၊ သာသနာကိုလည်း ဖျက်ဆီးနေကြတာပဲလေ။ တပ်မတော်ကြီးပြိုပျက်ရင် နိုင်ငံလည်းပျက်၊ ပြည်သူ့အသက်အိုးအိမ် စည်းစိမ်လည်း ဆုံးရှုံးကြမှာဖြစ်ပါတယ်။ ဒီနိုင်ငံကြီး လုံခြုံရေးဟာ ကျွန်တော်တို့အားလုံးရဲ့ လုံခြုံရေးပါပဲ၊ ထပ်တူထပ်မျှကျပါတယ်။

## ငြိမ်းချမ်းရေးကို ရှေးရှု၍သာ

ကျွန်တော်တို့အားလုံး စစ်ကိုမုန်းလို့ စစ်တိုက်နေကြရတယ်။ ငြိမ်းချမ်းရေးရချင်လွန်းလို့ စစ်မတိုက်ချင်ဘဲ တိုက်နေကြရတယ်။ ယခုအချိန်မှာ ကမ္ဘာကြီးမငြိမ်းချမ်းသလို နိုင်ငံတွင်း ဒေသအချို့မှာလည်း မအေးချမ်းလှပါဘူး။ ငြိမ်းချမ်းရေးနဲ့ အဖျက်မှာ အဖျက်ကသာ ပိုအားကောင်းနေတယ်။ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားတွေ စည်းစည်းလုံးလုံးမရှိအောင်နဲ့ အချုပ်အခြာကျိုးပဲ့မယ့် အသက်တမျှ အန္တရာယ်တွေကို ဟန့်တားလို့ ရမယ့်အခြေအနေဟာ ယနေ့ပြည်သူ့စစ်မှုထမ်းခြင်းနဲ့ ပြည်သူ့စစ်မဟာဗျူဟာတစ်ရပ် ကျင့်သုံးခြင်းပါပဲ။ ရန်သူဟာ ပြည်သူပါဝင်လာမှုကို ကြောက်တဲ့ အတွက် ပြည်သူ့စွမ်းအားနဲ့ ပေါင်းစပ်ပြီး စစ်ကို ဟန့်တားနိုင်ဖို့လိုလာပါတယ်။ ပြည်သူ့စစ် မဟာဗျူဟာဟာ ပြည်တွင်းရန်သာမက ပြည်ပရန်အတွက်ပါ ရည်ရွယ်တဲ့အတွက်လည်း မြန်မာ့မြေနဲ့ မြန်မာပြည်သူအပေါ် စစ်မက်ဖက်ပြိုင်သူတွေရဲ့ ယှဉ်ပြိုင်လိုစိတ်ကိုပါ ဟန့်တားပြီးဖြစ်ပါလိမ့်မယ်။ သက်ရောက်မှုကတော့ ပြည်သူတွေပါဝင်တဲ့ ပြည်သူ့စစ်မှုထမ်းခြင်းကတစ်ဆင့် ပြည်သူတွေ လိုချင်တဲ့ ငြိမ်းချမ်းရေးကို ရှေးရှုခြင်းပါပဲ။

> ❛ ကျူးကျော်စော်ကားသူဆိုတာ တပ်မတော်သားတင်မက အရပ်သားပြည်သူကိုလည်း ငဲ့ညှာနေမှာမဟုတ်။ ကိုယ့်တိုင်းရင်းသားအချင်းချင်းတောင် ညှာတာမှုမရှိကြတာ၊ ပြည်သူတွေ ကိုးကွယ်ဆည်းကပ်တဲ့ ဘာသာ၊ သာသနာကိုလည်း ဖျက်ဆီးနေကြတာပဲလေ။ တပ်မတော်ကြီးပြိုပျက်ရင် နိုင်ငံလည်းပျက်၊ ပြည်သူ့အသက်အိုးအိမ် စည်းစိမ်လည်း ဆုံးရှုံးကြမှာဖြစ်ပါတယ်။ ဒီနိုင်ငံကြီး လုံခြုံရေးဟာ ကျွန်တော်တို့အားလုံးရဲ့ လုံခြုံရေးပါပဲ၊ ထပ်တူထပ်မျှကျပါတယ် ❜

## ကောင်းမွန်သော စစ်ဘက်အရပ်ဘက် ဆက်ဆံရေးသို့ဆီ

ပြည်သူအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မှုထမ်းစနစ်မှာ နိုင်ငံရဲ့အင်အားဟာ အမြဲတမ်းတပ်မတော်တစ်ခုတည်းမှာ အဓိက တည်မှီခြင်းရှိတော့မှာမဟုတ်ပါဘူး။ နိုင်ငံအင်အား အရင်းအမြစ်အနေနဲ့ တပ်မတော်နဲ့ ပြည်သူဟာ ဟန်ချက်ညီညီနဲ့ လက်တွဲပါဝင်လာမှာဖြစ်တဲ့အတွက် အေးစက်နေတဲ့ စစ်ဘက် အရပ်ဘက်ဆက်ဆံရေးဟာ ပြန်လည်အားကောင်းလာမယ်လို့ ယူဆပါတယ်။ ယခင်က ပြည်သူတွေဟာ စစ်ဘက်ကအာဏာသိမ်းတာ မကြိုက်ခဲ့သလို စစ်ဘက်လွှမ်းမိုးမှုကိုလည်း မကြည်ဖြူခဲ့ပါဘူး။ စစ်ဘက်နဲ့ အရပ်ဘက်ကြား အပြန်အလှန်ယုံကြည်မှု၊ နားလည်ပေးမှု၊ စာနာမှုတွေမှာ အားနည်းမှုတွေရှိခဲ့ကြတယ်။ စစ်ရေးစစ်ရာနဲ့နိုင်ငံလုံခြုံရေးမှာ ပြည်သူတွေ ပါဝင်လာတဲ့တစ်နေ့ တပ်အပေါ်ပြည်သူ့ဘက်က ခံစားချက်၊ ပြည်သူ့အပေါ်တပ်ဘက်က ခံစားပေးမှုတွေမှာ အပြန်အလှန် ကိုယ်ချင်းစာမှုတွေနဲ့အတူ နီးစပ်မှုရှိလာကြမယ်လို့ ထင်ပါတယ်။

ဒီအချက်ဟာ ပြည်သူ့စစ်မှုထမ်းခြင်းရဲ့ ရလဒ်တစ်ခုအဖြစ် စစ်ဘက်နဲ့ အရပ်ဘက်၊ တပ်နဲ့ပြည်သူ အကြား၊ တပ်နဲ့တိုင်းရင်းသားတွေအကြား အဓိပ္ပာယ်ရှိရှိ ချောမွေ့လာမယ့်ဆက်ဆံရေးကို မြင်ရတော့မယ့် လက္ခဏာတွေပါပဲ။ ထိုမှတစ်ဆင့် ကောင်းမွန်တဲ့ စစ်ဘက်၊ အရပ်ဘက် ဆက်ဆံရေးကနေ အမျိုးသားရင်ကြားစေ့ရေး၊ ထိုမှတစ်ဖန် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကနေ လိုချင်တဲ့ ပြည်ထောင်စုစိတ်ဓာတ်အထိ အဓိပ္ပာယ်ရှိတဲ့ ရလဒ်ကောင်းတွေ မျှော်လင့်လို့ရနိုင်ပြီလို့ ယူဆမိပါတယ်။

## ဘဝမှာအသုံးဝင်လာမယ့် ကျွမ်းကျင်မှု ဗဟုသုတနဲ့ အတွေ့အကြုံဆိုတာ...

နောက်ထပ်အကျိုးကျေးဇူးတစ်ခုက ပြည်သူတွေဟာ မိမိတို့ကျွမ်းကျင်ရာအလိုက် နိုင်ငံအပေါ် ပေးဆပ်ခွင့်ရခြင်းပါပဲ။ တိုက်ခိုက်ရေးဝါသနာပါသူက တိုက်ခိုက်ရေးဘက်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှု၊ ဆေး၊ ကျောင်းဆရာ၊ ဖြေဖျော်ရေးအတွက် အနုပညာစတဲ့ မိမိကျွမ်းကျင်ရာအလိုက် နယ်ပယ်စုံမှာ တာဝန်ထမ်းဆောင်ခွင့်ရကြပါလိမ့်မယ်။ ရန်သူပတ်လည်ဝန်းရံနေတဲ့ ပတ်ဝန်းကျင်မှာ မိမိတို့အပေါ် စော်ကားလာတဲ့အခါ၊ မိသားစုအပေါ် ရန်ပြုလာတဲ့အခါ၊ မိမိရပ်ရွာလူမျိုးအပေါ် ကျူးကျော်လာတဲ့အခါ ဘာမှမတုံ့ပြန်တတ်၊ ဘာတစ်ခုမှ ပြန်မခုခံနိုင်တဲ့ အခြေအနေတွေကို ကျော်လွှားနိုင်တော့မှာပါ။

ရန်သူ့ရှေ့လည်စင်းခံပြီး ကာကွယ်ခုခံနိုင်မှု မရှိခြင်းဟာ လူ့အခွင့်အရေးတစ်ရပ် ဆုံးရှုံးခြင်း တစ်မျိုးပါပဲ။ ဒီအဖြေကို ပြည်သူ့စစ်မှုထမ်းခြင်း ကသာ ပေးစွမ်းပါလိမ့်မယ်။ ကိုယ့်ကိုယ်ကိုယ်၊ ကိုယ့်မိသားစု၊ ကိုယ့်ရပ်ကိုယ့်ရွာကို ကာကွယ်မှု ပေးနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ စွမ်းရည်ဟာ ဘာနဲ့မှလဲလို့မရတဲ့ တန်ဖိုးတစ်ခုပါ။ ဒီလိုအခွင့် အရေးမျိုးမှာ မိမိဘက်က အသက်အရွယ်ရဲ့ ကောင်းခြင်းနဲ့ ကျန်းမာရေးကောင်းပြီး စိတ်ခွန်အား၊ ရုပ်ခွန်အားပြည့်စုံနေတဲ့ အခြေအနေမှသာ ရယူနိုင်တာမျိုးပါ။ မကျန်းမာသူ၊ ချို့ယွင်းချက်ရှိနေသူတွေမှာ ထမ်းဆောင်ခွင့်မရှိပါဘူး။ စစ်မှုထမ်းကာလ နှစ်နှစ်၊ သုံးနှစ်ဟာ တကယ်တော့လည်း ဘာမှမကြာလှပါဘူး။ ဒီကာလတစ်ခုအတွင်း ရရှိလိုက်တဲ့ လက်နက်မျိုးစုံကို စနစ်တကျကိုင်တွယ်ပစ်ခတ်ပုံနဲ့တကွ ရန်သူကြားမှာ ဘယ်လိုအသက်ရှင်သန်ရပ်တည်နိုင်စွမ်းနဲ့ စစ်အတတ်ပညာရပ်ပေါင်းစုံဟာ တန်ဖိုးရှိသလို ရုပ်ပိုင်းဆိုင်ရာခွန်အားတွေအပေါ်မှာ ထပ်ဆင့်ပြောင်းလဲလာတဲ့ခံယူချက်တွေဖြစ်တဲ့ ရဲဘော်ရဲဘက်စိတ်၊ ဇာတိမာန်စိတ်နဲ့ အမျိုးသားရေးစိတ်ဓာတ်တွေဟာလည်း နိုင်ငံသားကောင်းတစ်ယောက်မှာလိုအပ်နေတဲ့ စိတ်ဓာတ်ကောင်းတွေပါပဲ။

> ❛ ရန်သူ့ရှေ့လည်စင်းခံပြီး ကာကွယ်ခုခံနိုင်မှုမရှိခြင်းဟာ လူ့အခွင့်အရေးတစ်ရပ် ဆုံးရှုံးခြင်းတစ်မျိုးပါပဲ။ ဒီအဖြေကို ပြည်သူ့စစ်မှုထမ်းခြင်းကသာ ပေးစွမ်းပါလိမ့်မယ်။ ကိုယ့်ကိုယ်ကိုယ်၊ ကိုယ့်မိသားစု၊ ကိုယ့်ရပ်ကိုယ့်ရွာကို ကာကွယ်မှုပေးနိုင်မယ် ဆိုတဲ့ ယုံကြည်ချက်နဲ့ စွမ်းရည်ဟာ ဘာနဲ့မှလဲလို့မရတဲ့ တန်ဖိုး တစ်ခုပါ ❜

ခဏတာ စစ်မှုထမ်းဆောင်ခိုက်မှာ ရိုးရိုးအရပ်သားဘဝမှာ မရနိုင်တဲ့အတွေ့အကြုံတွေ၊ ဗဟုသုတနဲ့ ကျွမ်းကျင်မှုတွေဟာ အလွန်တန်ဖိုးရှိမှာပါ။ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှုအတွေ့အကြုံ၊ အချိန်နဲ့ အကွာအဝေးတွက်ချက်နိုင်စွမ်းလို အတွေ့အကြုံတွေ၊ အပင်ပန်းခံနိုင်မှု၊ ရောင့်ရဲသည်းခံနိုင်မှု၊ မလျှော့တဲ့ဇွဲလုံ့လနဲ့တာဝန်ကို ပြီးဆုံးအောင် ထမ်းဆောင်တတ်လာမယ့် သန္နိဋ္ဌာန်တွေ ဒါတွေက စစ်မှုထမ်းဆောင်ပြီး နောင်လျှောက်လှမ်းမယ့် မိမိတို့ဘဝလမ်းခရီးအတွက် အသုံးဝင်အထောက်အကူပြုမယ့် အကျိုးတရားတွေပါပဲ။

## အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ကမ္ဘာနဲ့မြန်မာမှာ

နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ရင် လိုအပ်သလို စစ်မှုထမ်းဆောင်ခြင်းဟာ နိုင်ငံသားတိုင်းရဲ့တာဝန် ဖြစ်ပါတယ်။ နိုင်ငံတော်၊ နိုင်ငံသားနဲ့ အချုပ်အခြာဟာ ကွဲပြားခြင်းမရှိပါဘူး။ အချုပ်အခြာကာကွယ်ဖို့ နိုင်ငံသားတိုင်းဟာ စစ်ပညာသင်ကြားရန် တာဝန်ရှိပြီးဖြစ်သလို နိုင်ငံတော်ရဲ့လုံခြုံရေး ပြည်တွင်း၊ ပြည်ပ အန္တရာယ်တွေကနေ ကာကွယ်ဖို့ ပြည်သူတစ်ရပ်လုံးပါဝင်ပြီး ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးဖို့ စီမံဆောင်ရွက်ရန်မှာလည်း တပ်မတော်ကပဲ ဦးဆောင်တာဝန်ယူရမှာ ဖြစ်ပါတယ်။ ဒီအချက်တွေအားလုံးကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှာ တွေ့ရမှာဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံအတော်များများမှာလည်း ထို့အတူပါပဲ။ လိုအပ်ချက်အရ ပြည်သူတွေပါဝင်တဲ့ စစ်မှုထမ်းဆောင်ခြင်းကို ခေါင်းစဉ်အမျိုးမျိုး၊ အသွင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပြဋ္ဌာန်းကျင့်သုံးနေကြပါတယ်။ လေ့လာမိသလောက်တော့ ကမ္ဘာမှာ စစ်မှုမထမ်းမနေရစနစ်ကျင့်သုံးတဲ့ နိုင်ငံ ၃၄ နိုင်ငံလောက်ရှိပါတယ်။ အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူအပါအဝင် အာရှအရှေ့ဖျားက တောင်/မြောက်ကိုရီးယားလို နိုင်ငံတွေ၊ ရုရှားနဲ့ ဒိန်းမတ်၊ နော်ဝေ၊ ဖင်လန်၊ ဂျာမနီ၊ ဆွီဒင်၊ ဆွစ်ဇာလန်စတဲ့ ဥရောပနိုင်ငံတွေအထိ ပါဝင်ကြောင်း လေ့လာမိပါတယ်။ ဥပဒေကိုပြဋ္ဌာန်းထားပြီး တာဝန်ထမ်းဆောင်ရခြင်းမရှိသေးတဲ့ နိုင်ငံတွေလည်းရှိသလို ဥပဒေနဲ့အညီ မဖြစ်မနေ စစ်မှုထမ်းနေရတဲ့ နိုင်ငံတွေလည်းရှိတာ တွေ့ရပါတယ်။

စာမျက်နှာ ၇ သို့ ☆

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဖေဖော်ဝါရီ ၁၃

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် ခွန်ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) မှ အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ ဆက်ဆံရေးဌာနမှူး စောကျော်သန်းဌေး၊ မွန်ပြည်သစ်ပါတီ(NMSP)မှ ဗဟိုကော်မတီဝင် နိုင်ဗညားမွန်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)မှ ဗဟိုဦးစီးကော်မတီဝင် နန်းမိုးမိုးစောနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) မှ ဆက်ဆံရေးရုံး ဒုတိယတာဝန်ခံ ခွန်တီးလားတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကိုယ်စား KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

ထို့နောက် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စများ၊ ဒေသဖွံ့ဖြိုးရေးကိစ္စများနှင့်ပတ်သက်ပြီး အဖွဲ့အစည်းများ၏ သဘောထားများ၊ အကြံပြုချက်များကို အမြင်ချင်းဖလှယ်၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) အဖွဲ့ဝင် ခွန်ဥက္ကာနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းရင်းသားပြည်သူလူထု၏အကျိုးကို ရှေးရှု၍ လက်ရှိဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို ငြိမ်းချမ်းရေးစားပွဲဝိုင်း၌ တွေ့ဆုံညှိနှိုင်းဖြေရှင်းကြရန်၊ ပဋိပက္ခကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်နေသည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးရေးနှင့် အကူအညီအထောက်အပံ့များ အမြန်ဆုံးရရှိရေး ပဋိပက္ခတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းကို တက်ရောက်လာကြသူများက တူညီသည့် သဘောထားကို ထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောင်းကုန်းမြို့၌ မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် ဖျော်ဖြေပွဲ ကျင်းပ



**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အေးချမ်းသာယာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့်က ကဗျာရွတ်ဆိုပွဲနှင့် တေးသရုပ်ဖော်ပွဲများ ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါ ကဗျာရွတ်ဆိုပွဲနှင့် တေးသရုပ်ဖော်ကပွဲသို့ ကိုယ့်အားကိုယ်ကိုး "စေတနာ"မူကြိုနှင့် ဘဝရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ သားသားမီးမီးများ ပါဝင်ခဲ့ကြပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပဲနို့ဘူးများနှင့် မုန့်များဝေငှပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

☆ စာမျက်နှာ ၆ မှ

တချို့လက်နက်မကိုင်ရတဲ့ နေရာမျိုးမှာသာ တာဝန်ထမ်းဆောင်ခွင့်ပြုတဲ့နိုင်ငံတွေ၊ အပျော်တမ်းတပ်ဖွဲ့ပုံစံ၊ အရန်တပ်ဖွဲ့ပုံသဏ္ဌာန်အစရှိတဲ့ နိုင်ငံတွေလည်းရှိကြောင်း လေ့လာမိပါတယ်။ မြန်မာ့သမိုင်းမှာက စစ်မှုထမ်းဆောင်ဖို့ဆင့်ခေါ်ခြင်းဆိုတာ အထူးအဆန်း တစ်ခုမဟုတ်ပါဘူး။ နိုင်ငံတော်မှာ အရေးပေါ် အခြေအနေကြုံတိုင်း မြို့အလိုက်၊ ရွာအလိုက် ထောင်ပြုရာပြုဆိုပြီး စစ်စည်းရုံးခြင်းဆိုတဲ့ အတွေ့အကြုံတွေ ရှိပြီးဖြစ်ပါတယ်။ ကူမင်တန်တရုတ်ဖြူပြည်ပကျူးကျော်မှုနဲ့ ပြည်တွင်းသောင်းကျန်းမှုအရှိန်မြင့်တဲ့ အခြေအနေမျိုးတွေမှာ ပြည်သူ့စစ်မဟာဗျူဟာကို အကောင်းဆုံးကျင့်သုံးခဲ့ပြီး သောင်းကျန်းမှုအပြီးတိုင် ချုပ်ငြိမ်းအောင်မြင်ခဲ့တဲ့ အစဉ်အလာတွေ ရှိထားပြီးဖြစ်ပါတယ်။

### စည်းရုံးရေးဆန်သော ပညာပေးမှုများမှတစ်ဆင့်

" အမြင်အမျိုးမျိုး၊ ဝိဓါဒအမျိုးမျိုးနဲ့ ဆန့်ကျင်ကန့်ကွက်မှုတွေကတော့ ဘယ်အရေးအရာမှာမဆို ရှိနိုင်တာပါပဲ။ အလွှာပေါင်းစုံပါဝင်လာမယ့် စိန်ခေါ်မှုအချို့ရှိနေတဲ့ မူဝါဒတစ်ခုကို အကောင်အထည်ဖော်ရာမှာ စည်းရုံးရေးဆန်တဲ့ပညာပေးမှုတွေကသာ ပိုပြီးထိရောက်တဲ့ ရလဒ်ကောင်းကို ရှာဖွေပေးနိုင်မယ်လို့ ယူဆပါတယ်။ အချိန်ယူရမှာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းခြင်းကနေ ထင်ရှားတဲ့အကျိုးကျေးဇူးတွေကို မြင်လာသိလာရင် စည်းရုံးစရာမလိုဘဲ နောက်ကပါလာမယ့် ပြည်သူတွေလည်း အသင့်ရှိနေနိုင်ပါတယ် "

နိုင်ငံတော်အနေနဲ့ စစ်မှုထမ်းဥပဒေကို စတင်အသက်ဝင်ဖို့ ကြိုးစားမှုတိုင်းမှာ အဆင့်များစွာကျော်ဖြတ်ရမှာဖြစ်သလို အပြောင်းအလဲတိုင်းမှာ ယှဉ်တွဲပါလာတတ်တဲ့ စိန်ခေါ်မှုများအတွက်လည်း ဖြေရှင်းဖို့အချက်တွေရှိနေမှာ ဖြစ်ပါတယ်။ စိစစ်ရွေးချယ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းရမယ့် အခြေအနေတွေ၊ ပြဋ္ဌာန်းချက်တွေနဲ့အညီ ကောက်ယူရမယ့် စာရင်းအချက်အလက်တွေ များစွာရှိနိုင်ပါတယ်။ လောလောဆယ်တော့ သူတစ်လူငါတစ်မင်းနဲ့ ဒုက္ခပေါင်းစုံလက်တွေ့ခံစားနေရတဲ့ နယ်မြေတွေမှာ အရေးပေါ်လိုအပ်ချက်အရ ဒေသခံကာကွယ်ရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့တွေ အမြန်ဖွဲ့စည်းပေးနေရတဲ့ အခြေအနေတွေကိုလည်း မြင်သိ၊ ကြားသိနေရတယ်။

ဆိုလိုတာက အမြင်အမျိုးမျိုး၊ ဝိဓါဒအမျိုးမျိုးနဲ့ ဆန့်ကျင်ကန့်ကွက်မှုတွေကတော့ ဘယ်အရေးအရာမှာမဆို ရှိနိုင်တာပါပဲ။ အလွှာပေါင်းစုံပါဝင်လာမယ့် စိန်ခေါ်မှုအချို့ရှိနေတဲ့မူဝါဒတစ်ခုကို အကောင်အထည်ဖော်ရာမှာ စည်းရုံးရေးဆန်တဲ့ပညာပေးမှုတွေကသာ ပိုပြီးထိရောက်တဲ့ ရလဒ်ကောင်းကို ရှာဖွေပေးနိုင်မယ်လို့ယူဆပါတယ်။ အချိန်ယူရမှာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းခြင်းကနေ ထင်ရှားတဲ့အကျိုးကျေးဇူးတွေကို မြင်လာသိလာရင် စည်းရုံးစရာမလိုဘဲ နောက်ကပါလာမယ့် ပြည်သူတွေလည်း အသင့်ရှိနေနိုင်ပါတယ်။

သိရှိထားဖို့က မြန်မာနိုင်ငံက မြန်မာတိုင်းဟာ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ် ရှိကြပြီးဖြစ်တယ်။ သွေးမနည်း၊ သတ္တိလည်းမကြောင်ကြပါဘူး။ အထူးသဖြင့် လူငယ်တွေဖြစ်ပါတယ်၊ သူတို့က ကောင်းကောင်းပညာရှာ၊ စီးပွားရှာပြီး နိုင်ငံကို အမြန်ဖွံ့ဖြိုးတိုးတက်စေချင်နေတာ တစ်ခုပါပဲ။ တရားမျှတမှုကိုလိုလားပြီး ဒီမိုကရေစီအခွင့်အရေးကို ခံစား စံစားချင်ကြတယ်။ ဒါပေမဲ့ သတိပြုဖို့လိုတဲ့အချက်က ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒီမိုကရေစီဟာ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ နီးနီးကပ်ကပ် ဆက်စပ်နေတယ်ဆိုတဲ့ အချက်ကိုပါ။

အရင်ဆုံး ကိုယ့်ကိုယ်ကိုယ်လုံခြုံအောင် လုပ်နိုင်ဖို့နဲ့ ငြိမ်းချမ်းမှုမရှိရင် ဖွံ့ဖြိုးခြင်းလည်းရှိနိုင်မှာ မဟုတ်ဆိုတာတော့ ကြိုတွေးထားရပါမယ်။ ဒါကြောင့်လည်း ငြိမ်းချမ်းရေးရဲ့ အန္တရာယ်နဲ့ တိုးချဲ့လာနေတဲ့ အဖျက်သဘောရန်တွေကို ဟန့်တားနိုင်ဖို့ကြိုးစားနေရခြင်းပဲ ဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုပဲ ကျွန်တော်တို့လိုချင်တဲ့ စစ်မှန်စည်းကမ်းရှိတဲ့ ဒီမိုကရေစီစနစ်ဆီ သွားနိုင်မယ် မဟုတ်ပါလား...။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း နွေစပါးစိုက်ပျိုးရန် လျာထားကေများ ရေပေးဝေနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နွေစပါးစိုက်ပျိုးရန် လျာထားကေများ ရေပေးဝေနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။



**သီးနှံအထွက်နှုန်းများတိုးတက်ရေး**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးက စပါးအပါအဝင် သီးနှံအထွက်နှုန်းများ တိုးတက်ရေးအတွက် မိရိုးဖလာစိုက်ပျိုးနည်းမှ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာစိုက်ပျိုးနိုင်ရေး မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေများ စနစ်တကျသုံးစွဲပြီး ပန်းတိုင်အထွက်နှုန်းများ တိုးတက်ထွက်ရှိရေး၊ အဆင့်မြင့်လယ်ယာများ ဖော်ဆောင်နိုင်ရေးအတွက် တောင်သူများအား အသိပညာပေးခြင်းလုပ်ငန်းများ၊ ကုန်ထုတ်ကဏ္ဍတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသတွင်းမှထွက်ရှိသည့် စပါးများ ဝယ်ယူကြိတ်ခွဲနိုင်စေရေး Contract Farming စနစ်ဖြင့် တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နွေစပါးစိုက်ပျိုးရေးရရှိရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း နွေစပါးစိုက်ပျိုးနိုင်ရေး လျာထားချက်များ၊ နွေစပါးစိုက်ကေလျာထားချက်များအား ရေပေးဝေနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ စတုတ္ထနေ့ဆက်လက်ခင်းကျင်းပြသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ စတုတ္ထနေ့အဖြစ် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက် ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ပြည်ထောင်စုနေ့ အခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

**ခင်းကျင်းပြသထား**

နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာ ပြခန်းများတွင်လည်း ဒေသအလိုက်ထွက်ရှိသည့် ရိုးရာအစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊ One Region One Product ထုတ်ကုန်များ အပါအဝင် ပြည်ပသို့ တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များကို ပွဲတော်လာပြည်သူများ ဗဟုသုတအဖြစ် သိရှိနိုင်ရေးအတွက် ခင်းကျင်းပြသထားပြီး တာဝန်ရှိသူများကလည်း အသေးစိတ်ရှင်းလင်းပြသကြသည်ကိုလည်း တွေ့မြင်ရသည်။

ယနေ့ စတုတ္ထနေ့ပြပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း MSME များ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့် လုပ်ငန်းရှင်များ စိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာခဲ့ကြရာ ပြခန်းအလိုက်တာဝန်ရှိသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်း အချက်အလက်နှင့် နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း/ပြည်ပ ဈေးကွက်များသို့ မိမိတို့လုပ်ကိုင်နေသည့် လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများအလိုက်ကြုံတွေ့ရမည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေးဆွေးနွေးမျှဝေပေးကြရာ လုပ်ငန်းရှင်များအပြင် အသိပညာဗဟုသုတရရှိလိုသည့် ပြည်သူများဖြင့်လည်း စည်ကားခဲ့သည်။



ထို့ပြင် ပွဲတော်လာပြည်သူများကို တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက ပြခန်းများရှေ့၌ ရိုးရာတေးသီချင်းများနှင့် ရိုးရာအကအလှများကို ဖျော်ဖြေတင်ဆက်ကြရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် အတူ ပါဝင်ဆင်နွှဲကြသည်ကိုလည်း တွေ့ရသည်။

ပြခန်းများအတွင်း ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အထင်ကရနေရာများ၊ ဒေသတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများနှင့် MSME ထုတ်ကုန်များအကြောင်းကို အသိပညာဗဟုသုတရရှိအောင် ခင်းကျင်းပြသထားမှုကို ဝင်ရောက်လေ့လာ ကြည့်ရှုကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။



ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများ၌လည်း ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက် ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာ ဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ လာရောက် ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အလားတူ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန စက်မှုဝန်ကြီးဌာန မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)နှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့က စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူကြသူများနှင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာနနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့မှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့်ဇာတိမာန် တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ဖေဖော်ဝါရီ ၁၄ ရက်အထိ ငါးရက်တိုင်ကျင်းပမည့် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲတော်တွင် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSME ထုတ်ကုန်အရောင်းပြခန်း ၃၄ ခန်း၊ ရိုးရာအစားအစာပြခန်း ၁၉ ခန်း၊ ဝန်ကြီးဌာနများမှ ထုတ်ကုန်ပစ္စည်းများ၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း (MEC) ထုတ်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် ဖွင့်လှစ်ရောင်းချနေသည့် ကုန်ပစ္စည်းများနှင့် ဒေသထွက် ကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ခင်းကျင်းပြသ ရောင်းချလျက်ရှိရာ မိဘပြည်သူများ အခမဲ့လာရောက် လေ့လာ ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်း - သန်းမင်းအောင်၊ ဂျိုင်းလော**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

# စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုလုပ်ငန်းစာရင်းပြုစုရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုလုပ်ငန်းစာရင်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။



**တင်ပို့ဖြန့်ဖြူးရောင်းချနိုင်ရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က MSME လုပ်ငန်းများအနေဖြင့် နိုင်ငံအတွင်းမှ ထွက်ရှိသည့် သီးနှံ၊ အသား၊ ငါးတို့ကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ထုတ်ကုန်များကို ထုတ်လုပ်နေရာမှ Branded အဆင့်ထိ ထုတ်လုပ်၍ ပြည်တွင်း/ပြည်ပဈေးကွက်များသို့ တင်ပို့ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ထုတ်ကုန်အမယ်များ သတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ထိုသို့ ရွေးချယ်သတ်မှတ်သည့် လုပ်ငန်းများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် ကုန်ကြမ်းများအချိန်မီရရှိရန် လိုအပ်ကြောင်း၊ မြေပြင်တွင် အမှန်တကယ် အောင်မြင်နိုင်မည့် လက်တွေ့ကျသောလုပ်ငန်းများရှိပါက ဝိုင်းဝန်းအကြံပြုပေးစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောမြေနေရာများ ရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေယာစီမံခန့်ခွဲမှုကော်မတီအစည်းအဝေးများကျင်းပ၍ သတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရန်နှင့် အမှုတွဲများတင်ပြလာပါက ဝန်ကြီးဌာနအနေဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိပြီး အမှန်တကယ်အလုပ်လုပ်ကိုင်သော လုပ်ငန်းများကိုသာ ရွေးချယ်၍ ချေးငွေများ ထုတ်ချေးပေးပါက ထုတ်ကုန်များ ပိုမိုထွက်ရှိပြီး ပြည်ပနိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်မည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အောင်မြင်မှုရရှိနိုင်မည့် အဖြစ်နိုင်ဆုံးလုပ်ငန်းများကိုသာ ရွေးချယ်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဝန်ကြီးဌာနအနေဖြင့် သစ်တောကဏ္ဍနှင့် သစ်တောထွက်ပစ္စည်းများ အခြေခံလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် သစ်ထုတ်လုပ်မှုလုပ်ငန်းများကို သုံးနှစ်ရပ်ဆိုင်းထားပြီး ယခုအခါတစ်နှစ်လျှင် တန် ၆၀၀၀ ကျော်သာ ပြန်လည်ထုတ်လုပ်လျက်ရှိသဖြင့် သစ်အခြေခံစက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ကုန်ကြမ်းများ လိုအပ်ချက်ရှိမည်ဖြစ်၍ စနစ်တကျစဉ်းစားသုံးသပ် ဆောင်ရွက်စေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကူညီဖြည့်ဆည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဒေသအတွင်းထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အခြေခံ၍ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး၊ ပြည်တွင်းလုံလောက်မှုမှ ပြည်ပသို့တင်ပို့နိုင်သည်အထိ ဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product – OROP) အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှုအရ သက်ဆိုင်ရာဒေသအလိုက် OROP ထုတ်ကုန်အမယ်များ ရွေးချယ်၍ Action Plan များ ရေးဆွဲဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်ရေးအတွက် ရွေးချယ်သတ်မှတ်ထားမှုအခြေအနေ၊ ဒေသတွင်းရှိ MSME များ၏ လက်ရှိလုပ်ငန်းလည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဆွေးနွေးတင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးများက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ငါးနှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

## ယနေ့ညနေအထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## ပြည်မြို့၌ ကျန်းမာရေးဝန်ကြီးဌာန မျက်စိအထူးကုဆရာဝန်ကြီးများ အခမဲ့စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေး

**ပြည် ဖေဖော်ဝါရီ ၁၃**

ကျန်းမာရေး ဝန်ကြီးဌာန မျက်စိအထူးကု ဆရာဝန်ကြီးများ၏ မျက်စိအတွင်းတိမ် ခွဲစိတ်ကုသမှုအစီအစဉ်ဖြင့် ပြည်မြို့ ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ကုသဆောင်သစ်၌ ယနေ့နံနက်ပိုင်းကစ၍ ရဟန်းရှင်လူ ပြည်သူများအား အခမဲ့ မျက်စိအတွင်းတိမ်စမ်းသပ်စစ်ဆေးခွဲစိတ် ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးခြင်းကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၂ ရက်အထိ ၁၀ ရက်တိုင် ဆောင်ရွက်ပေးမည်ဖြစ်ကာ မည်သည့်ဒေသမှမဆို အသက်အရွယ် အပိုင်းအခြား လူမျိုးဘာသာမရွေး လာရောက်ပြသစမ်းသပ်စစ်ဆေး ကုသမှုခံယူနိုင်ပြီး ယနေ့တွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်း မြို့နယ်များအပါအဝင် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်နှင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ စုစုပေါင်း ရဟန်းရှင်လူပြည်သူ ၃၀၀ ခန့် လာရောက်ပြသစမ်းသပ်စစ်ဆေးကုသမှုများ ခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ မျက်စိအတွင်းတိမ် လာရောက်စမ်းသပ်စစ်ဆေးကုသမှု ခံယူသူများကို ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးနှစ်ဦးနှင့် ပြည်မြို့ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှစ်ဦးတို့က ခေတ်မီစက်ကိရိယာများဖြင့် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပြီး ခွဲစိတ်ရန်လိုအပ်သူများကို ချက်ချင်းခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကာ ပြည်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုး ဦးဆောင်သော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက လူနာများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများကို အနီးကပ်ကြီးကြပ်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးကို ဦးဆောင်သော သန္ဓေတပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်များ ပတ္တမြားဈေးတွင် မီးဘေးလုံခြုံရေး စစ်ဆေးပြီး ဈေးတာဝန်ခံ၊ ဈေးဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများကိုယ်တိုင် မီးငြိမ်းသတ်နိုင်ရေး မီးသတ်ဆေးဘူးဖြင့် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်စဉ်။

မြို့နယ် (ပြန်/ဆက်)



# ပညာရှင်များ၏ သုတေသနစွမ်းပကား

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

(ယမန်နေ့မှအဆက်)

တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းတွေဟာ ဒေသရဲ့ဥပစာ၊ လူထုအတွက် အခရာ၊ ဒီနယ်ပယ်ပရဝဏ်အတွင်းမှာ တာဝန်ထမ်းရွက်ကြတဲ့ ဆရာ ဆရာမ၊ ပါမောက္ခတွေဟာ Intellectual capital ဖြစ်တာကို တွေ့ရပါတယ်။ ဒီလိုတက္ကသိုလ်၊ ကောလိပ်ဧရိယာတွေမှာ ရောက်ရှိနေကြတဲ့ ပါမောက္ခဆရာကြီး ဆရာမကြီးတွေ၊ ပညာရှင်ကြီးတွေရဲ့ ဓွဲ၊ လုံ့လ၊ ဝီရိယ၊ သမာဓိ၊ သတိ၊ ပညာတို့ဟာ နိုင်ငံတော်အရေး၊ အမျိုးသားရေးနဲ့ လူမျိုးရှင်သန်ကြီးထွားရေးတွေနဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်နေပါတယ်။

ရောဝတီမြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ တက္ကသိုလ်တွေဟာ ရောဝတီမြစ်ကို အကြောင်းပြုပြီး ကြွယ်ဝမှုအဖုံဖုံကို စူးစမ်းလေ့လာခြင်း၊ သုတေသနပြုကြရင် ဒီတက္ကသိုလ်တွေရဲ့ ဝန်ဆောင်မှုပေးနိုင်ခြင်းဟာ အဲဒီတက္ကသိုလ်ရဲ့ အဆင့် (Ranking) တွေပဲ ဖြစ်ပါတယ်။ ရောဝတီ၊ ချင်းတွင်း၊ စစ်တောင်းနဲ့ သံလွင်မြစ်ကြောင်းတစ်လျှောက် ဖွဲ့စည်းထားတဲ့ တက္ကသိုလ်အစုအဖွဲ့တွေဟာ နိုင်ငံရဲ့ အရင်းအနှီးကို ထပ်ဆင့်ပေါက်ဖွားပေးနိုင်မှာဖြစ်ပါတယ်။ တောကပစ္စည်းတွေဟာ နည်းပညာနဲ့ ပေါင်းစပ်လိုက်တော့မှ မြို့ပြတွေဟာ ဖွံ့ဖြိုးလာတာချည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒေသအသီးသီးမှာရှိကြတဲ့ မြန်မာတက္ကသိုလ်တွေဟာ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ အရင်းအမြစ်ဖြစ်လာသလို မြန်မာ့လူ့အဖွဲ့အစည်းဟာလည်း ပညာရေးရဲ့ အရင်းအမြစ်ဖြစ်လာပါတယ်။



**❝ ရောဝတီမြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ တက္ကသိုလ်တွေဟာ ရောဝတီမြစ်ကို အကြောင်းပြုပြီး ကြွယ်ဝမှုအဖုံဖုံကို စူးစမ်းလေ့လာခြင်း၊ သုတေသနပြုကြရင် ဒီတက္ကသိုလ်တွေရဲ့ ဝန်ဆောင်မှုပေးနိုင်ခြင်းဟာ အဲဒီတက္ကသိုလ်ရဲ့အဆင့် (Ranking) တွေပဲ ဖြစ်ပါတယ်။ ရောဝတီ၊ ချင်းတွင်း၊ စစ်တောင်းနဲ့ သံလွင်မြစ်ကြောင်းတစ်လျှောက် ဖွဲ့စည်းထားတဲ့ တက္ကသိုလ်အစုအဖွဲ့တွေဟာ နိုင်ငံရဲ့အရင်းအနှီးကို ထပ်ဆင့်ပေါက်ဖွားပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒေသအသီးသီးမှာရှိကြတဲ့ မြန်မာတက္ကသိုလ်တွေဟာ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ အရင်းအမြစ်ဖြစ်လာသလို မြန်မာ့လူ့အဖွဲ့အစည်းဟာလည်း ပညာရေးရဲ့ အရင်းအမြစ်ဖြစ် ❞**

မြန်မာနိုင်ငံရဲ့ ဘယ်နေရာဒေသကို ကြည့်ကြည့် အလွန်ဆန်းကြယ်တဲ့ ပထဝီသွင်ပြင်ရှိကြပါတယ်။ ဥပမာတစ်ခုအနေနဲ့ ချင်းပြည်နယ်ရဲ့ သဘာဝမြင့်မားမတ်စောက်တဲ့ တောင်ကုန်း၊ အလွန်နက်ရှိုင်းတဲ့ လျှိုမြောင်ချိုင့်ဝှမ်း၊ တောင်ထိပ်ကစလို့အောက်ဆုံးအထိ သစ်ပင်တွေနဲ့ ဖုံးလွှမ်းနေကြတာဟာ အလွန်ကဗျာဆန်တယ်လို့ မြင်ကြသူတွေရှိပါတယ်။ ဒီလိုကဗျာဆန်တဲ့ တောင်ကုန်း၊ ချိုင့်ဝှမ်း၊ ရုက္ခ၊ သတ္တ၊ သဘာဝဥယျာဉ်ကြီးကို သုတေသနပြုဖို့ အချက်အချာကျတဲ့ တက္ကသိုလ်က ပခုက္ကူ၊ တောင်ကုတ်နဲ့ ဟားခါးတက္ကသိုလ်တို့ ဖြစ်သင့်ပါတယ်။ တက္ကသိုလ်အဆင့်လည်း (University Ranking) မြင့်လာပါလိမ့်မယ်။ ကိုယ်တိုင်လေ့လာမှု၊ လွတ်လပ်စွာလေ့လာမှု (Independent learning) ကို အားပေးရမယ်။ ဒီလိုဆိုရင် ပါမောက္ခ ဆရာ ဆရာမကြီးတွေက သုတေသနတွေမှာ ပိုအားထည့်နိုင်ပါလိမ့်မယ်၊ ကမ္ဘာမှာ ဖြစ်ပေါ် ပြောင်းလဲလာတဲ့ ရေစီးကြောင်းကိုသိရှိပြီး မိမိတက္ကသိုလ်မှာ ဦးစားပေးသင့်တဲ့ သုတေသနတွေကို ဆောင်ရွက်နိုင်မယ်၊ တီထွင်ဆန်းသစ်မှုဘက်ကိုလည်း အချိန်ပေးလာနိုင်ပါလိမ့်မယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်မှုအပြောင်းအလဲကို အရည်အချင်းကျွမ်းကျင်မှု အမည်စုံရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်က အကောင်အထည်ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်လာဖို့ ပညာရေးဟာ အလွန်ပဲ အားထုတ်နေတာဖြစ်ပါတယ်။

## (၂၁)ရာစု ဂလိုဘယ်လိုက်ဇေးရှင်း

(၂၁)ရာစု ဂလိုဘယ်လိုက်ဇေးရှင်းဟာ မြန်မာနိုင်ငံအတွက် ကိုလိုနီစနစ်အငွေ့အသက် ပါကောင်းပါနေမယ်။ (၁၉) ရာစုနှစ် ကိုလိုနီစနစ်နဲ့ ခြားနားပါတယ်။ ပြောင်းလဲမှုတွေကို ရင်ဆိုင်နေရတဲ့ကမ္ဘာကြီးမှာ နည်းပညာ (technology) ဟာ အလွန်ကို နေရာယူလာပါတယ်။ ဒီလိုဂလိုဘယ်လိုက်ဇေးရှင်းဟာ အသက်မရွေး၊ နေရာမရွေး လှိုင်းဂယက်ပမာ ရိုက်ခတ်နေတဲ့သဘော ရှိတာကြောင့် ပညာရေးဟာ အလွန်ပဲ အားထုတ်နေရပါတယ်။ တစ်ဦးနဲ့တစ်ဦး၊ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဆက်သွယ်မှု၊ သတင်းနဲ့ဝါဒဖြန့်ချိမှုဟာ ထိန်းမရနိုင်တဲ့ ပေါက်ကွဲမှုမျိုးတွေကို မိနစ်စက္ကန့်နဲ့အမျှ လူတိုင်းရင်ဆိုင်ကြုံလာရတော့ လူထုထဲက လူတစ်ဦးချင်းဟာ ရှင်သန်ဖွံ့ဖြိုးဖို့၊ လူမှုဘဝ သာယာဝပြောဖို့ဆိုတာ ခက်ခဲလာပါတယ်။

နည်းပညာသစ်တွေဟာ ဒီနေ့လူထုရဲ့ နေထိုင်လုပ်ကိုင်မှု ပုံစံတွေအပေါ် စိုးမိုးလျက်ရှိပါတယ်။ ကမ္ဘာအားလုံးအပေါ်မှာ ဩဇာသက်ရောက်လာပါတယ်။ နည်းပညာ(IT) ဖွံ့ဖြိုးမှုကြောင့်၊ World Wide Web ကြောင့် ကမ္ဘာကြီးဟာ ကျေးရွာကြီးလို နီးစပ်လာတဲ့အခါ စီးပွားရေးကဏ္ဍ အနေအထားဟာ နယ်စပ်မရှိ (borderless) ဖြစ်လာပါတယ်။ တရားမဝင် ငွေကြေး၊ မူးယစ်ဆေးနဲ့ လူကုန်ကူးမှုတွေဟာ Lawless ဖြစ်လာပါတော့တယ်။ အတွေးအခေါ်တွေဟာ နယ်စပ်ကိုဖြတ်ကျော်ကာ မြန်မာကျေးရွာပေါင်း ခြောက်သောင်း၊ မြို့နယ်ပေါင်း ၃၀၀ ကျော်အထိ ဂယက်ရိုက်လာပါတော့တယ်။ အကောင်းအဆိုး မဝေခွဲနိုင်လောက်အောင် မိသားစုဘဝတွေ ယိမ်းယိုင်၊ ပြည်သူ့နီတိတွေပျက်၊ တည်ငြိမ်အေးချမ်းမှုအနှစ်သာရ ဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့လာပါတယ်။ ကာလမသုတ်လို သိပ္ပံနည်းကျ တွေးခေါ်မှုတွေ၊ လောကနီတိအပါအဝင်၊ ဗြဟ္မစိုရ်တရားလေးပါးတို့နဲ့ အကျွမ်းတဝင်ဖြစ်ရင် သိပ္ပံပညာကလည်းကောင်း၊ လူမှုရေးသိပ္ပံကလည်းကောင်း လူ့အသိုက်အဝန်းအတွက် ပိုအကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်။

နည်းပညာ (IT, Technology) တိုးတက်ပြောင်းလဲမှုထဲမှာ လူသားတစ်ရပ်လုံး ဆုံးရှုံးသွားရတဲ့ကိစ္စတွေလည်း ပေါ်ပေါက်လာပါတယ်။ ဒီလိုခါးသီးစွာခံစားနေရတဲ့ ကမ္ဘာ့အရှေ့အနောက် အစိတ်အပိုင်းပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ လူမှုရေး၊ မိသားစုတွေရဲ့ အပြုအမူတွေဟာ လွန်စွာပြောင်းလဲလာတဲ့အတွက် အလွန်ကို ခါးသီးစွာခံစားရတဲ့ သဘောရှိပါတယ်။ သူတို့ ဆုံးရှုံးမှုတွေကို ရင်ဆိုင်ရတဲ့အတွက် အနောက်ကမ္ဘာဟာ တုန်လှုပ်ချောက်ချားလာရတဲ့သဘော ရှိပါတယ်။ သူတို့ရဲ့ မိသားစုတွေဟာ ယိမ်းယိုင်ပြိုကွဲလျက်ရှိပါတယ်။

“အရှေ့အာရှနိုင်ငံတွေမှာ **အနောက်တိုင်းဆန်ဆန် လွတ်လပ်မှု၊ တစ်ဦးချင်းလွတ်လပ်ခွင့် အတွေးအမြင် အပြုအမူတွေ တွင်ကျယ်လာတာကြောင့် လူမှုဘဝတွေ ကြီးမားစွာ ပျက်သုဉ်းလာရာ ရာဇဝတ်ဖြစ်ပွားမှုနှုန်း မြင့်တက်လာခြင်း၊ အိမ်ထောင်ကွဲခြင်း၊ ဆယ်ကျော်သက်တွေ ကိုယ်ဝန်ဆောင်ဘဝရောက်လာခြင်းနဲ့ မိမစုံ၊ ဖမစုံတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ အာရှတိုက်သားတွေဟာ ပညာရေးလိုက်စားသူ၊ အလုပ်ကြိုးစားသူတွေ၊ မိရိုးဖလာ အိမ်ထောင်စုတွေအဖြစ် တည်တံ့ခဲ့ပါတယ်**”လို့ စင်ကာပူဝန်ကြီးချုပ် လီကွမ်ယုက ၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့က နိုင်ငံသားတွေကို အသိပေးပြောကြားခဲ့ပါတယ်။ ဘာကြောင့်ပြောရလဲဆိုတော့ ခေတ်သစ်ကမ္ဘာကြီးက သယ်ဆောင်လာတဲ့ ပြောင်းလဲမှုအဟုန်ကြောင့် အာရှရဲ့ ပင်ကိုတန်ဖိုးနဲ့ ယဉ်ကျေးတဲ့စရိုက်လက္ခဏာတွေဟာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်လာလို့ပဲ ဖြစ်ပါတယ်။

## သုတေသနဟာ အဆုံးမဟုတ်

လူထုဟာ **Science and Social Science Driven Community Life** ဖြစ်ဖို့ သုတေသနညီလာခံရဲ့ ဆင့်ပွားဦးတည်ချက်ဖြစ်လာပါတယ်။ ယနေ့သုတေသနစာတမ်းဖတ်ပွဲတွေမှာ နိုင်ငံသားများဥပဒေ (civilian law)၊ လေကြောင်းရေကြောင်းဆိုင်ရာဥပဒေ၊ တိုင်းပြည်ရဲ့ နယ်နိမိတ် နယ်ခြားသတ်မှတ်ထားတဲ့အတိုင်း ပထဝီဝင်ပညာသုတေသီတို့၊ သမိုင်းသုတေသီတို့၊ ဥပဒေပညာသုတေသီပညာရှင်တွေက ဆွေးနွေးအကြံပြုခွင့်ရရှိကြတာမို့ Peer Review အပါအဝင် Research Culture ရှင်သန်လာတဲ့အပြင် တက္ကသိုလ် ဆရာ ဆရာမတွေရဲ့ အရည်အသွေးနဲ့အတူ တက္ကသိုလ်တွေရဲ့အဆင့်ကိုလည်း မြှင့်တင်ခွင့်ရရှိစေပါတယ်။ တက္ကသိုလ်/ ကောလိပ် ပါမောက္ခ၊ ဌာနမှူးကြီးတွေရဲ့ တာဝန်တွေဟာ ပြောင်းလဲလာတဲ့ တောင်းဆိုမှုတွေအရ ပိုကြီးမားလာပါတယ်။ သင်ကြားရေး သုတေသနနဲ့ ထပ်ဆင့်တီထွင်မှုတွေကို ပိုဦးစားပေးလုပ်လာကြရပါတယ်။

သုတေသနပြုလုပ်ခြင်းဟာ အသစ်အဆန်း တီထွင်ဆန်းသစ်မှုတွေကို လမ်းဖွင့်ပေးပါတယ်။ လူတစ်ဦးချင်းစီရဲ့ ဘာသာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ တတ်မြောက်မှုကိုသာမက ပင်ကိုအရည်အသွေးတွေ၊ ကိုယ်ရည်ကိုယ်သွေးတွေ၊ စဉ်းစားသုံးသပ်တွေးခေါ်မှု (critical thinking)၊ ပြဿနာဖြေရှင်းမှု (problem solving)၊ တီထွင်ဖန်တီးမှု (creativity)၊ ဆန်းစစ်အကဲဖြတ်မှု (evaluation)၊ ပိုင်းခြားစိတ်ဖြာသုံးသပ်မှု (Analytical Skills)၊ ပူးပေါင်းဆောင်ရွက်မှု (Collaboration)၊ အလိုက်သင့်ဆောင်ရွက်မှု (Adaptability)၊ လူမှုဆက်ဆံရေး (Social Skill)၊ စိတ်ခံစားချက်နားလည်မှု (Emotional intelligence)၊ တရားမျှတမှု (Justice)၊ လောကနီတိဆိုင်ရာအပြုအမူ (Ethical behavior)၊ ဦးဆောင်မှု (Leadership) အစရှိတဲ့ ကျယ်ပြန့်တဲ့ အရည်အသွေးတွေ၊ စွမ်းရည်တွေရရှိမှာ ဖြစ်ပါတယ်။

## စိန်ခေါ်မှုတွေ

ယနေ့ခေတ်ရဲ့ ပြောင်းလဲလာပုံတွေဟာ စိန်ခေါ်မှုတွေချည်းပါပဲ။ ဒီနေ့ကမ္ဘာကြီးဟာ တိုးတက်မှုကို ရင်ဆိုင်နေရတဲ့ အချိန်မှာပဲ Challenge of Peace ကိုလည်း ရင်ဆိုင်နေရတယ်။ Challenge of Peace က ဘယ်လောက်အထိ အရေးကြီးလာသလဲလို့ပြောရင် အနောက်ကမ္ဘာက တွေးခေါ်တဲ့ပုဂ္ဂိုလ်တွေက Challenge of war ထက် ပိုလို့ လေးနက်သင့်တယ်လို့ ယူဆလာကြပါတယ်။ အပြောင်းအလဲတစ်ခုကိုလုပ်ရတယ်ဆိုတာ စိန်ခေါ်မှုကြီးပဲ၊ ပညာရေးမြှင့်တင်မှုဟာ အပြောင်းအလဲတစ်ခု။ **စာမျက်နှာ ၁၁ သို့** ☼

# ၂၀၂၃ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ထုတ်ပြန်ကြေညာသည်။

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း (၁၁၂) ဌာနတို့၌ ဖြေဆိုသူ(၁၃၄၀၁)ဦး၊ အောင်မြင်သူ(၁၁၂၉၈)ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ (၁၂၉၅)ဦးရှိ၍ ပြည်တွင်း/ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိသူများမှာ -

(၁) ပထမ
ခုံအမှတ် ဒဂတ-၁၁၈၊ ဒေါ်ကြည်ကြည်မာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ် တတ-၁၅၊ ဒေါ်သက်ပိုင်စိုး၊ တွံတေးစာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ် ထီလာ-၅၆၊ ဒေါ်သန္တာစိုး၊ မိတ္ထီလာ စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး။

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း (၉၃)ဌာနတို့၌ ဖြေဆိုသူ (၁၈၇၆)ဦး၊ အောင်မြင်သူ(၁၅၁၁)ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ (၃၁၅)ဦးရှိ၍ ပြည်တွင်း/ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ -

(၁) ပထမ
ခုံအမှတ် လှိုင်-၃၇၊ ဒေါ်မဥ္ဇူစိမ်း၊ လှိုင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ် ပူရ-၁၇၊ ဒေါ်မွန်မွန်ရည်၊ အမရပူရ စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ် ဟပ-၂၊ မသုမနထေရီ၊ ဟိုပင်စာဖြေဌာန၊ ကချင်ပြည်နယ်။

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း (၈၂)ဌာနတို့၌ ဖြေဆိုသူ (၁၄၈၇)ဦး၊ အောင်မြင်သူ (၁၂၇၉)ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ (၁၇၇)ဦးရှိ၍ ပြည်တွင်း/ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိသူများမှာ -

(၁) ပထမ
ခုံအမှတ် ဒိုက်-၅၊ ဒေါ်ဟေမာန်ငြိမ်းချမ်း၊ ဒိုက်ဦးစာဖြေဌာန၊ ပဲခူးတိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ် ခသ-၁၈၊ ဒေါ်အေးအေးသန်း၊ ချမ်းမြသာစည်စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ် အမဇ-၂၊ ဒေါ်မိမိရီ၊ အောင်မြေသာစံ စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး။

၂။ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

❂ စာမျက်နှာ ၁၀ မှ

ဒါဟာလည်း စိန်ခေါ်မှုပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေ ရှောင်လွှဲလို့မရနိုင်လောက်တဲ့ တာဝန်ဝတ္တရားတွေဟာ ပိုပိုပြီး ကြီးမားလာပါတယ်။ ကြီးမားလာတဲ့တာဝန်တွေကို ထမ်းဆောင်နေခြင်းဟာ လူမျိုးနဲ့ နိုင်ငံ ရှင်သန်ဖို့ပဲဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ရာနီးပါးက သိပ္ပံပညာဟာ ဥရောပမှာ ထွန်းကားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီသိပ္ပံပညာ ထွန်းကားဖို့ စဉ်းစားတွေးခေါ်မှု အရင်းအမြစ်အားလုံးဟာ နိုင်းမြစ်ဝှမ်း၊ ယူဖရေးတီးစ်၊ တီးဂရစ်၊ ဂင်္ဂါ၊ ဧရာဝတီ၊ မဲခေါင်၊ တရုတ်ပြည်ထဲက မြစ်ဝှမ်းတွေမှာ စတင်ခဲ့ပါတယ်။ အဲဒီမြစ်ဝှမ်းတွေက စီးဆင်းလာခဲ့တဲ့ စဉ်းစားတွေးခေါ်မှုတွေ၊ လောကနီတိတွေ၊ သိပ္ပံနည်းကျ ရှာဖွေတွေ့ရှိမှုတွေ ရှိခဲ့ကြတာ ဖြစ်ပါတယ်။ သိပ္ပံနဲ့ နည်းပညာတိုးတက်မှုကိုက လူနေမှုအဆင့်အတန်း မြင့်မားစေဖို့၊ ညီညွတ်မျှတစေဖို့ အခွင့်အလမ်းတွေ ပါဝင်ပါတယ်။ ဒါတွေကို အကောင်းဘက်ဆွဲယူပြီး လူသားအတွက် သုံးစွဲနိုင်မယ်ဆိုရင် သိပ္ပံနဲ့ နည်းပညာတိုးတက်မှုကို လူသားအားလုံးက ကြိုဆိုရမှာ ဖြစ်ပါတယ်။

## မျှော်မှန်းချက်များ

ဒီခေတ်မှာ နိုင်ငံတိုင်းရဲ့ မျှော်မှန်းချက်တွေဟာ ပြောင်းလဲနိုင်ပါတယ်။ ဒီပြောင်းလဲမှုကို တကယ်ပုံဖော်ပေးရမှာ၊ လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးရမှာက ပညာရေးရဲ့ကဏ္ဍဖြစ်ပါတယ်။ ကျောင်းသားနဲ့ ပြည်သူကို မြင့်မားတဲ့ပညာ သင်ပေးရမှာပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ကမ္ဘာတစ်ဝန်းဟာ ကြီးမားတဲ့ ယှဉ်ပြိုင်မှုထဲမှာ ကျင်လည်နေရတဲ့ကာလဖြစ်တဲ့အတွက် သင်ကြားမှုနယ်ပယ်မှာ သင်ရိုးသစ်တွေ၊ သင်ပြနည်းသစ်တွေ၊ သင်ထောက်ကူပစ္စည်းတွေ၊ စာကြည့်တိုက်တွေနဲ့ ဓာတ်ခွဲခန်းပစ္စည်းတွေဖြည့်ပြီး ဆောင်ရွက်နေရပါတယ်။ အခုအခါမှာ ဖြည့်ဆည်းတပ်ဆင်ထားတဲ့ Teaching-Learning tools၊ အဆင့်မြင့်လာတဲ့ Electronic Education နဲ့ အကျိုးခံစားခွင့်တွေ အတော်ရရှိလာပြီဖြစ်ပါတယ်။ Research Tools တွေဟာလည်း ပြည့်စုံသထက် ပြည့်စုံပြီလို့ ဆိုနိုင်ပါတယ်။ ဆရာနဲ့ ကျောင်းသားတွေဟာ အကျိုးကျေးဇူးခံစားကြရမှာ ဖြစ်ပါတယ်။ တက္ကသိုလ်တွေဟာ ဓနဥစ္စာရအောင် ရှာဖွေနိုင်တဲ့ဗိမာန်တွေဖြစ်နေပါပြီ။ ကျွန်တော်တို့ရဲ့ အချိန်၊ စွမ်းပကားနဲ့ သယံဇာတကြွယ်ဝမှုတို့ကို မိတ်ဆွေတွေဖြစ်ဖို့၊ လူ့ဘောင်က လိုအပ်တဲ့ ပညာရပ်တွေကို ပေးနိုင်မယ့်အနေအထားဖြစ်အောင် လူတိုင်း နိုးကြားတက်ကြွစွာ ပါဝင်ကြိုးပမ်းနိုင်မယ်ဆိုရင် အနာဂတ်ပညာရေးဟာ အလွန်စိတ်ချနိုင်သောအခြေအနေ ဖြစ်ပါမယ်။

ပြည်သူလူထု၊ မိဘနဲ့ဆရာ၊ ကျောင်းသားအပေါင်းက ဒီပညာရေးယန္တရားကြီး လည်ပတ်နေအောင် မောင်းနှင်နေပါတယ်။ ပညာရဲရင့်ပွဲလယ်တင့်ပါတယ်။ မျိုးဆက်သစ်တွေကို သင်ကြားပြသ သုတေသနပြုကြကာ ပုဂ္ဂလိကကို လွှဲပြောင်းနိုင်ပြီဆိုရင် မြန်မာ့လူ့အဖွဲ့အစည်းဟာ သူရသင့်တဲ့ လူမှုစီးပွားဖွံ့ဖြိုးနိုင်မယ့် ဓနဥစ္စာကို ရသွားမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ တည်ငြိမ်အေးချမ်းမှုအမြင်ဆိုတဲ့ ဓနဥစ္စာလည်း ပါဝင်ကောင်း ပါဝင်သွားနိုင်ပါတယ်။ ဒီလိုဆိုရင် အဆိုပါတက္ကသိုလ်ဟာ အဲဒီဒေသရဲ့စိန်ကောင်းကျောက်ကောင်းတစ်ပွင့် ဖြစ်လာပါလိမ့်မယ်။

အမြဲစွတ်စိုလျက်ရှိတဲ့ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နဲ့ အရှေ့ဘက်ခြမ်းက သံလွင်မြစ် ဒီမြစ်ကြီးသုံးသွယ်ဟာ မြန်မာတို့အတွက် ချမ်းသာဖို့ပဲဖြစ်တယ်။ ဒီလိုခေတ်အခြေအနေမှာ သိပ္ပံပညာ၊ နည်းပညာ၊ စိုက်ပျိုးရေး၊ စီးပွားရေးဘွဲ့ရတွေဟာ ကိုယ်ပိုင်စီးပွားရေး ကုမ္ပဏီကြီးတွေ တည်ထောင်၊ ဘဏ်လုပ်ငန်းကြီးတွေ တည်ထောင်၊ ရေနံကုမ္ပဏီကြီးတွေ တည်ထောင်ဖို့ တာစူရမယ်။ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနဲ့ သံလွင်မြစ်ကြောင်းတစ်လျှောက်မှာ ရှိတဲ့ တက္ကသိုလ်တွေဟာ ဓာတုဗေဒရှုထောင့်ကသာမက ကြွယ်ဝမှုအဖုံဖုံကို စူးစမ်းလေ့လာခြင်း၊ သုတေသနပြုကြရင် ဒီတက္ကသိုလ်တွေက ဝန်ဆောင်မှုပေးနိုင်ခြင်းဟာ အဲဒီတက္ကသိုလ်ရဲ့အဆင့်တွေပဲဖြစ်ပါတယ်။ တက္ကသိုလ်အစုအဖွဲ့တွေဟာ နိုင်ငံရဲ့အရင်းအနှီးကို ထပ်ဆင့်ပေါက်ဖွားပေးနိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမြောက်ဖျား ခါကာဘိုရာဇီရေခဲတောင်တွေကစလို့ တနင်္သာရီ (ကော့သောင်း) အဆုံး အနောက်ဘက် ရခိုင်ရိုးမကိုကျော်ဖြတ်ပြီး တစ်မျှော်တစ်ခေါ် ရှုကြည့်တဲ့အခါ အံ့မခန်းဆန်းကျယ်တဲ့ ပင်လယ်ပြင်၊ မုတ်သုံလေနဲ့ မုန်တိုင်းကြီးငယ်တွေဟာလည်း မကြာခဏဆိုသလို ဒီပင်လယ်မှာပဲ အစပြုလေ့ရှိတာကတစ်မျိုး၊ မြန်မာပြည်အလယ်ကြောက ဧရာဝတီမြစ်ကြီးဟာလည်း မြန်မာနိုင်ငံအတွက် အသက်သခင်လို့ ခေါ်ရလောက်အောင် တန်ဖိုးတွေဟာ ကြီးမားလှတယ်။

အရှေ့ကို မျှော်ကြည့်ပြန်ရင် ရှမ်းကုန်းပြင်မြင့်လွင်ပြင်၊ ထိုမှစီးဆင်းလာတဲ့ စစ်တောင်းမြစ်နဲ့ ချောင်းငယ်မြောင်းငယ်တို့ရဲ့ဝန်းကျင်၊ ရွှေရောင်တဝင်းဝင်းနဲ့ စပါးခင်းကတစ်ဖုံ၊ ထိုဝန်းကျင်တစ်ဝိုက် ပေါက်ရောက်နေတဲ့ သစ်ပင်သစ်တော သစ်မြစ်သစ်ဥတွေဟာ မြန်မာတိုင်းရင်းသားတို့အတွက်၊ တောထဲ တောင်ထဲကလာတဲ့ သဘာဝပစ္စည်းတွေနဲ့ ကြွယ်ဝချမ်းသာမှုကို သုတေသနတွေကသာလျှင် ဖော်ပေးနိုင်တာဖြစ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်တွေရဲ့ အခန်းကဏ္ဍ၊ ပညာရှင် ပါမောက္ခကြီးတွေရဲ့ ကဏ္ဍဟာ ရှေ့တန်းရောက်လာရခြင်း ဖြစ်ပါတယ်။ မြို့ပြတွေဟာ ဖွံ့ဖြိုးစည်ပင်သာယာလာတာချည်း ဖြစ်ပါတယ်။

ယှဉ်ပြိုင်မှုကြီးမားတဲ့ (၂၁) ရာစုခေတ်မှာ ပညာရေးဟာ ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း လေ့လာစရာနယ်ပယ်သစ်တွေကို ဖြစ်နိုင်စွမ်းရှိအောင် မျှော်မှန်းပြီး ဆောင်ရွက်ကြရမယ့်ခရီးဖြစ်ပါတယ်။ အဲဒီလိုသွားနိုင်ဖို့ ကျောင်းသားကို ဗဟိုပြုရုံသာမက လုပ်သားအင်အားစုတစ်ခုလုံးကို သင်ယူနေတဲ့ အင်အားဖြစ်ဖို့၊ မြန်မာ့လူ့အဖွဲ့အစည်းကို ပညာလွှမ်းမိုးတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့ ယနေ့တိုင် ပညာရေးဟာ ကြိုးပမ်းနေရပါတယ်။

## ဂျပန်နိုင်ငံနဲ့ လယ်ယာစိုက်ပျိုးရေး

ဂျပန်ဟာ စက်မှုအလွန်ထွန်းကားတဲ့ နိုင်ငံဖြစ်နေတာတောင် ထူးခြားချက်တစ်ခုက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လက်မလွှတ်ဘဲ ထိန်းထားတာဟာ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးရဲ့ အကြောင်းရင်းပဲလို့ ထင်မြင်စရာရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးဟာ ကုန်ကျစရိတ်မြင့်မားတဲ့လုပ်ငန်း၊ အမေရိကန်နဲ့ ထိုင်းနိုင်ငံက ဆန်ကို ဈေးသက်သက်သာသာနဲ့ ဝယ်စားနိုင်ပေမယ့် သွင်းကုန်အဖြစ် လက်မခံဘူး။ စစ်ရေးအရ ကိုယ့်အားကိုယ်ကိုးနိုင်ရမယ့် သဘောလည်းပါမယ်။ မိရိုးဖလာသဘောမျိုး လုပ်နေတာလည်း မဖြစ်နိုင်လောက်ဘူး။ နည်းပညာပါတဲ့ စိုက်ပျိုးရေးပညာကို အခြေပြုတဲ့ လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသို့ လှမ်းတာပဲဖြစ်မယ်။ ဂျပန်လယ်သမားတွေဟာ နည်းပညာအခြေခံတဲ့ စိုက်ပျိုးရေး (Knowledge based Agriculture) ကို ပိုပိုပြီး လှမ်းနေတယ်လို့ ခန့်မှန်းရပါတယ်။

ကျွန်တော်တို့ဟာ ဖွံ့ဖြိုးမှုနောက်ကျတဲ့ နိုင်ငံဖြစ်နေတာကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို အထူးလိုလားလျက်ရှိနေကြပါတယ်။ ပိုမိုဖွံ့ဖြိုးတိုးတက်မှုလိုလားပေမယ့် အစိမ်းရောင်ဂေဟစနစ်ကိုလည်း မယိုယွင်းစေရေး ဆောင်ရွက်တဲ့အခါ ကုလသမဂ္ဂရဲ့ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင် ၁၂ ဖြစ်တဲ့ "Responsible Production and Responsible Consumption" တာဝန်ရှိထုတ်လုပ်သုံးစွဲမှုကို ထည့်သွင်းစဉ်းစားလာရပါတယ်။ လူဟာ အဆင်ခြင်ကင်းမဲ့တဲ့ စားသုံးသူ (Thoughtless Consumer) မဖြစ်ဖို့ ရပ်တန်းကရပ်ရလိမ့်မယ်။

လောကီ၊ လောကုတ္တရာနှစ်ဖြာသောရှုထောင့်ကကြည့်ရင် လူသားအားလုံးဟာ ဒီကမ္ဘာကြီးမှာ ခေတ္တခဏရောက်လာတဲ့ ဧည့်သည်တွေဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှု၊ လူ့ဘောင်နဲ့ညီညွတ်မှုကို ရွေးရှုကြရပါလိမ့်မယ်။ တစ်ဦးနဲ့တစ်ဦး တန်ဖိုးထားလေးစားမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိတဲ့ နိုင်ငံသားကောင်းတွေကို မွေးထုတ်ပေးရာရောက်ပြီး အဲဒီနိုင်ငံသားကောင်းတွေကသာ တန်ဖိုးမြင့် လွတ်လပ်မှုကျင့်စဉ်ကို ပုံဖော်နိုင်မှာဖြစ်ပါတယ်။

(၂၃) ကြိမ်မြောက် သုတေသနညီလာခံမှာ ဖတ်ကြားတင်သွင်းတဲ့ စာတမ်းပေါင်း သုံးရာကျော်က ရလဒ်တွေဟာ ဘာသာရပ်အကျိုးပြု၊ မိမိဒေသအကျိုးပြု၊ နိုင်ငံတော်အကျိုးပြုနိုင်မယ်၊ အသစ်အဆန်းတွေရဲ့လမ်းစကို ဖော်ထုတ်နိုင်မယ်လို့ယုံကြည်ပါတယ်။ တက္ကသိုလ်၊ ကောလိပ်တို့ဟာ ဒေသရဲ့ဥပစာ၊ လူထုအတွက် အခရာ၊ ဒီပရဝဏ်မှာ တာဝန်ထမ်းရွက်ကြတဲ့ ဆရာ ဆရာမ၊ ပါမောက္ခတွေဟာ နိုင်ငံတော်အရေး၊ အမျိုးသားရေးနဲ့ လူမျိုးရှင်သန်ကြီးထွားရေးတွေနဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်နေပါတယ်။ စိတ်ခေါ်မှုတွေ မည်သို့ပင်ရှိသည်ဖြစ်စေ၊ လောကီ၊ လောကုတ္တရာနှစ်ဖြာနဲ့ ကျော်လွှားခြင်းဖြင့် အေးချမ်းသာယာတဲ့ဘဝကို မျက်မှောက်ပြုနိုင်မှာဖြစ်ပါကြောင်း၊ မြန်မာတို့ဟာ လေ့လာစရာတွေ ကိုယ့်ရှေ့မှာ ရှိနေတာမို့ သင်ယူဖို့ ခရီးဆက်ကြရဦးမယ်လို့ ယုံကြည်ပါကြောင်း မေတ္တာဖြင့် တင်ပြအပ်ပါတယ်။ ။

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်



အားလုံးမင်္ဂလာပါဗျာ။ ဒီနေ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ဆက်စပ်ပြီး ပြည်သူလူထုတစ်ရပ်လုံး၊ တိုင်းရင်းသားမိဘပြည်သူတွေ အားလုံး ပိုမိုသိရှိနားလည်သဘောပေါက်စေဖို့ ကျွန်တော်တို့ထပ်မံပြီး ပြောပြသင့်တဲ့အချက်တွေကို ကျွန်တော်တို့ပြောပြပါမယ်။ ဒီဟာတွေနဲ့ ပတ်သက်ပြီး တချို့သောပြည်ဖျက်မီဒီယာတွေရဲ့ သွေးထိုးလှုံ့ဆော်မှု၊ အချို့သောအကြမ်းဖက်အဖွဲ့တွေရဲ့ ဆောင်ရွက်မှုတွေပေ့ါ။ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဒါပြည်သူလူထုကြားထဲမှာ ဝေဖန်မှုတွေ ပြည်သူလူထုကြားထဲမှာ တချို့သောစိုးရိမ်ပူပန်မှုတွေရှိနေတယ်ဆိုတာလည်း ကျွန်တော်တို့ သိရပါတယ်။

ပထမဦးဆုံး ကျွန်တော်ပြောလိုတာကတော့ ဒီနေ့ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရတာက ပြည်တွင်း၊ ပြည်ပဘေးအန္တရာယ်ဆိုတာထက် ကျွန်တော်တို့ ပထမအပိုဒ်မှာ ပါပြီးသားဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံသားတိုင်းစစ်ပညာသင်ကြားဖို့ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ဖို့အတွက် ရည်ရွယ်တာပဲဖြစ်ပါတယ်။ ခုနက ပြောတဲ့ ပြည်တွင်းအန္တရာယ်၊ ပြည်ပအန္တရာယ်ဆိုတာထက် ဒီဟာတွေအတွက် ရည်ရွယ်ပြီးလုပ်တာဖြစ်တယ်။ ဒီဥပဒေပြဋ္ဌာန်းလိုက်တာက ကျွန်တော်တို့အစိုးရ တစ်ဆက်တည်းအတွက်လည်းမဟုတ်ဘူး။ ပိုပြီးအရေးကြီးတာက နောင်ဒီမိုကရေစီစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို လက်တွေ့အကောင်အထည်ဖော်မယ့် အစိုးရတွေလက်ထက်မှာအထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရေရှည်ဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီနိုင်ငံရေးအနေအထား။ လက်ရှိကမ္ဘာမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေအရ ဒီဥပဒေပြဋ္ဌာန်းချက်ကို မဖြစ်မနေ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဖြစ်တယ်။ ဒီနိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားအားလုံးမှာ ကာကွယ်ရေးနဲ့ပတ်သက်တဲ့အသိပညာတွေတိုးပွားလာအောင် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီပြည်သူ့စစ်မှုထမ်းဥပဒေ၊ ဒါမှမဟုတ်အမျိုးသား စစ်မှုထမ်းစနစ် National Service နဲ့ပတ်သက်ကာ အမျိုးမျိုးပြဋ္ဌာန်းပြီး လုပ်ဆောင်နေတာရှိပါတယ်။ ကျွန်တော်ပြောသလို ကျွန်တော်တို့နိုင်ငံအိမ်နီးနားချင်း ငါးနိုင်ငံရှိပါတယ်။ အိမ်နီးနားချင်း ငါးနိုင်ငံမှာလည်း ဒီဥပဒေမပြဋ္ဌာန်းထားတဲ့နိုင်ငံ နှစ်နိုင်ငံပဲရှိပါတယ်။ ကျန်တဲ့သုံးနိုင်ငံမှာ ဒီဥပဒေပြဋ္ဌာန်းပြီးဖြစ်တယ်။ အဲဒီသုံးနိုင်ငံမှာ ပြဋ္ဌာန်းပြီးတော့ လက်တွေ့မလုပ်ဆောင်တဲ့နိုင်ငံတစ်နိုင်ငံ ရှိတယ်။ လက်တွေ့အပြည့်အဝလုပ်ဆောင်နေတဲ့နိုင်ငံတစ်နိုင်ငံရှိတယ်။ လက်တွေ့ဆောင်ရွက်နေတယ်။ အပြည့်အဝလုပ်ဆောင်နေတာမဟုတ်ဘူး။ Partially ဆောင်ရွက်နေတဲ့ နိုင်ငံတစ်နိုင်ငံ ရှိတယ်။ ဒါတွေဟာ ကျွန်တော်တို့ အနီးစပ်ဆုံးအတွက် ပြောကြားခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့မိဘပြည်သူတွေကို ထပ်မံပြီး အသိပေးလိုတာက ကျွန်တော်တို့နိုင်ငံရဲ့၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အခုပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာ အကျုံးဝင်မယ့် အကျုံးဝင်နိုင်တဲ့ လူဦးရေ။ အကျုံးဝင်နိုင်တဲ့ လူဦးရေဆိုတာက အမျိုးသား ၆ ဒသမ ၃ သန်း၊ အမျိုးသမီး ၇ ဒသမ ၇သန်း စုစုပေါင်း ၁၃ သန်းနီးပါးရှိပါတယ်။ အဲဒီတော့ အဲဒီ ၁၃ သန်းလုံးကို တစ်ပြိုင်နက်တည်း စစ်မှုထမ်းဆောင်စေမှာလား မဟုတ်ပါဘူး။ အကျုံးဝင်တာပဲရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီစစ်မှုထမ်းဆောင်စေတယ်ဆိုတဲ့အထဲမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်တဲ့ သူ့ရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာပါပြီးသားဖြစ်ပါတယ်။ သူ့ရဲ့ အဆင့်အလိုက် စစ်သည်တွေနဲ့ တူညီတဲ့အခွင့်အရေး၊ စစ်သည်တွေနဲ့ တူညီတဲ့လေ့ကျင့်ရေးဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ စစ်သည်တွေနဲ့ တူညီတဲ့လေ့ကျင့်ရေး၊ စစ်သည်တွေနဲ့ တူညီတဲ့အခွင့်အရေး ဆောင်ရွက်ပေးရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လစာ၊ ရိက္ခာ၊ ခံစားခွင့် အကုန်လုံးကို ကျွန်တော်တို့က ပေးရတာဖြစ်ပါတယ်။ ဒါတွေကို နိုင်ငံတော်ဘတ်ဂျက်ကနေ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုးဆောင်ရွက်ရတဲ့အခါမှာ အနည်းဆုံးစရိတ် ပထမဦးဆုံးဆောင်ရွက်ရတဲ့အခါမှာ စစ်သည်မဖြစ်သေးဘူး။ ဒီနိုင်ငံသူ နိုင်ငံသားတွေကို ခေါ်ယူမယ်ဆိုရင် ပထမဦးဆုံး ဆေးစစ်ရပါတယ်။ တစ်ဦးချင်း တစ်ဦးချင်းရဲ့ ဆေးစစ်တဲ့ကုန်ကျစရိတ်တင် မနည်းပါဘူး။ အနည်းဆုံးအဆင့်က မြန်မာငွေသောင်းဂဏန်းနဲ့ချီပြီး ကုန်ကျပါတယ်။ ဒါတွေကိုဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့က လေ့ကျင့်ပေးနိုင်ဖို့။ လေ့ကျင့်ပေးနိုင်ဖို့ဆိုတာဟာ သူတို့ကိုလေ့ကျင့်ပေးတဲ့အခါမှာ ကျွန်တော်တို့က စစ်သည်တွေရဲ့ အဆင့်အတန်းအတိုင်း လေ့ကျင့်ပေးရတာဖြစ်တယ်။ အနည်းဆုံး အဆင့် လနဲ့ချီပြီး လေ့ကျင့်ရတာဖြစ်တယ်။ နှစ်တစ်နှစ်ရဲ့ လေးပုံတစ်ပုံ အနည်းဆုံး လေ့ကျင့်ရတာဖြစ်ပါတယ်။ ဒီလေ့ကျင့်ရေးအတွက် ကုန်ကျစရိတ်တွေ အဆင့်မှ လေ့ကျင့်ရေးအတွက် ဆောင်ရွက်မှုတွေ ဒါတွေလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လက်ရှိအနေအထားနဲ့ လက်ရှိအနေအထားမှာ တပ်သားသစ် စုဆောင်းမှုတွေ သာမန်ဗော်လန်ဒီယာ တပ်သားသစ်စုဆောင်းမှုဟာလည်း အရှိန်အဟုန်မကျပါဘူး။ သူ့လုပ်ငန်းနဲ့သူဆက်ပြီးလုပ်ဆောင်နေပါတယ်။ ဆက်ပြီးလုပ်ဆောင်နေတဲ့အထဲမှာ ကျွန်တော်တို့အနေနဲ့ ခုနကပြောတဲ့ လူဦးရေ ၁၃ သန်းပေ့ါနော်။ အမျိုးသား ၆ ဒသမ ၃ သန်း၊ အမျိုးသမီး ၇ ဒသမ ၇ သန်းထဲမှာ အမျိုးသမီးတွေကို ထည့်မတွက်နဲ့ဦး။ အမျိုးသားတွေပဲ ထည့်တွက်ဦး။ အမျိုးသားတွေပဲထည့်တွက်ရင် ဒီ ၆ ဒသမ၃သန်းရဲ့ တစ်ရာခိုင်နှုန်း။ တစ်ရာခိုင်နှုန်းဆိုရင် ခြောက်သောင်းသုံးထောင်ရှိပြီဖြစ်ပါတယ်။ နှစ်ရာခိုင်နှုန်းဆိုရင်တစ်သိန်းနှစ်သောင်း ရှိပြီဖြစ်ပါတယ်။ တစ်ဆယ်ရာခိုင်နှုန်းဆိုရင် လူဦးရေ ခြောက်သိန်းရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလောက်လူဦးရေလိုသလား၊ တစ်ဆယ်ရာခိုင်နှုန်းလိုသလား။ မလိုနိုင်ပါဘူး။ မြန်မာနိုင်ငံမှာ ရပ်ကွက်၊ ကျေးရွာပေါင်း ခြောက်သောင်းရှိတယ်။ ရပ်ကွက်တွေပါထည့်တွက်ရင် ခြောက်သောင်းကျော်ရှိတယ်။ ရပ်ကွက် တစ်ခုမှာ စစ်မှုထမ်းဆောင်ဖို့ ကာကွယ်ရေးတာဝန်ထမ်းဆောင်ဖို့ တစ်ဦးထက် ဒါမှမဟုတ် နှစ်ဦးထက်ပိုစရာအကြောင်းမရှိပါဘူး။ သို့သော် ကျွန်တော်တို့ ဘာကြောင့်မို့လို့ ဒီဟာကို လုပ်ထားလဲဆိုတော့ ဒါတွေကို လုပ်ရခြင်းအကြောင်းရင်းဟာ Long term Plan မှာ နိုင်ငံတော်ကို ကာကွယ်နိုင်တဲ့စွမ်းရည်၊ နိုင်ငံတော်ကို ကာကွယ်နိုင်တဲ့စွမ်းအား၊ နိုင်ငံတော်ကို ကာကွယ်နိုင်တဲ့ပညာ နိုင်ငံသားအားလုံးတတ်သွားဖို့ လိုအပ်ပါတယ်။ ဒ့ါကြောင့်မို့လို့ ကျွန်တော်တို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ခုနကပြောခဲ့တဲ့အထဲ အပြင်ကင်းလွတ်ခွင့်ရတဲ့လူတွေ ပုဒ်မ ၂၂ မှာ ကင်းလွတ်ခွင့်ရတဲ့လူတွေ ပြဋ္ဌာန်းထားတာရှိတယ်။ ဥပမာ သာသနာ့ဝန်ထမ်းတွေသိပြီးပြီ။ အိမ်ထောင်သည်အမျိုးသမီးတွေ ဒါတွေပါပါတယ်။ နောက်ပြီးတော့ သီးသန့်ဘုတ်အဖွဲ့ကနေ အမိန့်ထုတ်ပြီးတော့ ကင်းလွတ်ခွင့်ရတဲ့သူတွေလည်း ပါသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် ယာယီ ခု မိဘပြည်သူတွေ ခဏခဏမေးနေတဲ့ ကျောင်းသားတွေကလည်း အသက်အကျုံးဝင်ရင် စစ်ပညာတာဝန်ထမ်းဆောင်ရမှာလား၊ ဝန်ထမ်းတွေကလည်းတာဝန်ထမ်းဆောင်ရမှာလားဆိုတဲ့ဟာမျိုးတွေ ပုဒ်မ ၁၅ အရယာယီရွှေ့ဆိုင်းခွင့်ရထားတဲ့သူတွေရှိပါတယ်။ ဒါတွေဟာ နိုင်ငံ့ဝန်ထမ်းတွေ၊ ပညာရေးမပြီးသေးတဲ့ ပညာသင်ကြားနေတဲ့ကျောင်းသားတွေ၊ ဒါအခြားပြုစုစောင့်ရှောက်မယ့် မိအိုဖအိုကို ပြုစုလုပ်ကျွေးနေတဲ့သူတွေ ဒါတွေပါပြီးသားဖြစ်ပါတယ်။ သို့သော်သူတို့အနေနဲ့ခြွင်းချက်က တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ သူတို့ရဲ့လုပ်ငန်းနဲ့ပတ်သက်ပြီး ပညာသင်ကြားမှုပြီးဆုံးသွားရင် အချိုးကျဒီနိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်သွားရမှာဖြစ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနကနေပြီး လိုအပ်တဲ့နည်းဥပဒေတွေ၊ အမိန့်တွေ၊ ကြေညာစာတွေ ထွက်လာဦးမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့က ပြည်သူလူထုရဲ့ အကျိုးကိုရှေးရှုပြီး နံပါတ်(၁)ဆောင်ရွက်မှာဖြစ်သလို နံပါတ်(၂)အနေနဲ့ကတော့ နိုင်ငံတော်ကာကွယ်ရေးပညာရပ်ကို နိုင်ငံသားအားလုံးက သိရှိနိုင်အောင်၊ နိုင်ငံသားအားလုံးတတ်မြောက်အောင်လည်း ရည်ရွယ်ပြီး ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ထပ်ပြောချင်တာက ဒီပြည်ဖျက်မီဒီယာတွေအနေနဲ့က အားလုံးကို သူတို့သိပါတယ်။ အခုလောလောဆယ် ပဋိပက္ခဖြစ်ပွားခဲ့တဲ့တိုင်းရင်းသားနယ်မြေတွေမှာ မဖြစ်မနေ အသက် ၁၅ နှစ်ကနေပြီး အသက် ၅၀ ကြား တစ်အိမ်ကိုတစ်ယောက်၊ တချို့နေရာတွေမှာ တစ်အိမ်ကို နှစ်ယောက် ယောကျ်ားကော၊ မိန်းမကောမရွေး အတင်းအကျပ်သောင်းကျန်းသူအဖွဲ့ထဲသွင်းနေတာကို မည်သည့်အသံမှမထွက်ဘဲနဲ့။ အခုဒါနဲ့ပတ်သက်ပြီးတော့ ဝိုင်းဝန်းအသံထွက်တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံသူနိုင်ငံသားတွေ နိုင်ငံတော်ကာကွယ်ရေးပညာ တတ်သွားမှာသိပ်စိုးရိမ်တယ်။ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေ နိုင်ငံတော် ကာကွယ်ထမ်းဆောင်ရင်းနဲ့ စည်းလုံးညီညွတ်မှုရှိသွားမှာကို သူတို့သိပ်ပြီးစိုးရိမ်တယ်။ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေ အမျိုးသားရေးစိတ်ဓာတ်ရှင်သန်လာမှာကို သူတို့သိပ်ပြီးစိုးရိမ်တယ်။ ဘာကြောင့်စိုးရိမ်လဲဆိုတာရှင်းပါတယ်။ တချို့သော တချို့သော EAOs အဖွဲ့အစည်းထဲမှာရှိတဲ့ ကျွန်တော်တို့က တိုင်းရင်းသားလို့ ပြောနေကြတဲ့သူတွေဟာ တိုင်းရင်းသားစိတ်ဓာတ် ပျောက်နေပါပြီ။ သူတို့ရဲ့ပြုမူပုံ၊ ပြောဆိုပုံ၊ လုပ်ဆောင်ပုံတွေကိုကြည့်ရင် တိုင်းရင်းသားစိတ်ဓာတ်ပျောက်နေကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ရဲ့နောက်ကွယ်မှာရှိတဲ့ ထောက်ပံ့ပေးထားတဲ့အဖွဲ့အစည်းတွေ၊ သူတို့ရဲ့နောက်ကွယ်မှာရှိတဲ့ ထောက်ပံ့ပေးထားတဲ့ နိုင်ငံတွေရဲ့အပေါ်မှာ မှုတည်ပြီး တိုင်းရင်းသားစိတ်ဓာတ်ပျောက်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ကိုယ်စားပြု စစ်ဆင်ရေး Proxy War လုပ်နေတဲ့၊ သူတို့ခံပြီး Proxy War လုပ်နေရင်းကနေပြီး တိုင်းရင်းသား ပျောက်ကွယ်သွားတာဖြစ်ပါတယ်။ ဒါတွေဟာ တစ်ခါတစ်ရံမှာ နိုင်ငံတော်အတွက် စိုးရိမ်စရာ ကောင်းတဲ့အခြေအနေတွေဖြစ်ပါတယ်။ ဒါတွေအတွက် ကျွန်တော်တို့ဟာ ရေရှည်မျှော်မှန်းပြီး ဒီအစိုးရတစ်ဆက်တည်း မဟုတ်ဘူး။ နောင် ဒီမိုကရေစီအစိုးရ အဆက်ဆက်အတွက် ရေရှည်မျှော်မှန်းပြီး ကျွန်တော်တို့ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒါတွေကို မြန်မာစိတ်ရှိတဲ့ မြန်မာတိုင်း မိမိကိုယ်ကိုမိမိ We are Myanmar လို့ယူဆထားတဲ့၊ မိမိကိုယ်ကိုမိမိ We are Myanmar ဆိုပြီး မျိုးချစ်စိတ်ရှိတဲ့နိုင်ငံချစ်စိတ်ရှိတဲ့ မိဘပြည်သူတိုင်းက နားလည်သဘောပေါက်ကြဖို့၊ ဝိုင်းဝန်းဆောင်ရွက်ကြဖို့၊ လူငယ်လူရွယ်တွေအနေနဲ့လည်း နိုင်ငံတော်ကာကွယ်ရေးပညာဆိုတာဟာ နိုင်ငံသားအားလုံး တတ်သိထားသင့်တဲ့ပညာဆိုတာကို လက်ခံသဘောပေါက်ပြီး နိုင်ငံချစ်စိတ်ရှိကြဖို့ တိုက်တွန်းလိုပါတယ်။ ဒ့ါအပြင် ဒီနေ့မှာဆိုရင် ကျွန်တော်တို့က အရန်တပ်ဖွဲ့ဥပဒေကို အာဏာတည်စေမှာဖြစ်ပါတယ်။ ဒီအရန်တပ်ဖွဲ့ဥပဒေဟာလည်း ကျွန်တော်ပထမဦးဆုံးပြောတဲ့အထဲမှာ ပါပြီးဖြစ်ပါတယ်။ ဒီ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့အတူတူ တစ်နေ့တစ်ရက်တည်း ပြဋ္ဌာန်းလိုက်တဲ့ဥပဒေဖြစ်ပါတယ်။ ဥပဒေအမှတ် ၂၈/၂၀၁၀ နဲ့ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလထဲမှာ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဖြစ်ပါတယ်။ အဲဒီဥပဒေမှာ အဓိကက စစ်မှုထမ်းတွေနဲ့ စစ်မှုထမ်းဟောင်းတွေနဲ့ပဲ သက်ဆိုင်ပါတယ်။ အဓိက အနှစ်ချုပ်ကတော့ တပ်မတော်ကနေပြီးတော့ နုတ်ထွက်ခွင့်၊ အငြိမ်းစားယူခွင့်ရထားတဲ့ နေ့ကနေစပြီး ငါးနှစ်အထိထဲမှာ အကျုံးဝင်တဲ့သူတွေဟာ အရန်အဖြစ်။ အရန်တပ်ဖွဲ့၌ စစ်မှုထမ်းဆောင်ရန် တာဝန်ရှိပါတယ်။ ဒီနေရာမှာလည်း အားလုံး ကျွန်တော်တို့က ငါးနှစ်အတွင်းမှာ အကျုံးဝင်တဲ့သူတွေအားလုံးကို တာဝန်ထမ်းဆောင်ခွင့်ပေးမှာမဟုတ်ပါဘူး။ လိုအပ်တဲ့သူတွေ တကယ့်ကို နိုင်ငံတော်အတွက် လိုအပ်တဲ့သူတွေလောက်ပဲ တာဝန်ထမ်းဆောင်ခွင့်ပေးမှာဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီးလည်း ထပ်ပြီးပြောလိုပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေဆောင်ရွက်တဲ့နေရာမှာ အားလုံးခြိမ်းခြောက်ခံနေရတာက ဒီနေ့ပဲသေနတ်ကိုင်ပြီး ဒီနေ့ပဲရှေ့တန်းထွက်ရမလိုပြောနေကြတယ်။ မဟုတ်ပါဘူး။ ကျွန်တော်တို့ Professional စစ်သားတစ်ယောက်၊ Professional နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်တဲ့သူတွေလို စစ်ပညာ၊ နိုင်ငံတော်ကာကွယ်ရေးပညာကို အပြည့်အဝသင်ကြားပြီးမှ တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် စစ်တိုက်ဖို့ တစ်ခုတည်းတင်မဟုတ်ပါဘူး။ ဒီနေ့ခေတ်သစ်စစ်ပွဲတွေမှာ ယခင်တုန်းက စစ်ဆင်ရေး၊ စစ်ဆင်မှုဆိုတာနဲ့ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ရင် စစ်ဆင်ရေး၊ စစ်ဆင်မှုဆိုတာ နှစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့အချင်းချင်း ယှဉ်ပြိုင်တိုက်ခိုက်ခြင်းလို့ပြောတယ်။ ဒီနေ့ ဒ့ါထက်ကျယ်ပြန့်လာပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတဲ့ နေရာမှာ လက်နက်ကိုင်ပြီး၊ သေနတ်ကိုင်ပြီးစစ်တိုက်နေမှ နိုင်ငံတော်ကာကွယ်ရေးတာဝန်မဟုတ်ပါဘူး။ ကွန်ပျူတာ၊ အိုင်တီ ကျွမ်းကျင်တဲ့သူတွေကလည်း မိမိနိုင်ငံကို Cyber တိုက်ခိုက်မှုအတွက် ကာကွယ်ရမယ့်တာဝန်ရှိတယ်။ စီးပွားရေးအရ ကျွမ်းကျင်တဲ့သူတွေကလည်း မိမိနိုင်ငံကို စီးပွားရေးအရ ထိုးနှက်လာတာတွေကို မိမိနိုင်ငံဘက်က မိမိအကျိုးကို ကာကွယ်နိုင်ဖို့အတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေရှိတယ်။ ဒ့ါကြောင့်မို့ ပြည်သူ့စစ်မှုထမ်းစနစ်ကို ဆောင်ရွက်တဲ့အခါမှာလည်း ကျွန်တော်တို့အနေနဲ့ မိမိရဲ့သက်ဆိုင်တဲ့၊ ကျွမ်းကျင်တဲ့ပညာရပ်တွေအလိုက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ဖို့ အခြေခံစစ်ပညာသင်ကြားပြီး ဒီတာဝန်တွေကို ဆက်လက်ထမ်းဆောင်နိုင်ဖို့အတွက် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံး၊ မိဘပြည်သူအားလုံးက သိရှိပြီး၊ လူငယ်အားလုံးက သိရှိပြီး နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ကို ကျေပွန်စွာ၊ ဂုဏ်ယူစွာထမ်းဆောင်နိုင်ကြစေဖို့ ဆန္ဒပြုလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ၂၀၂၃ ခုနှစ်အတွင်း ရုရှားနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ၃ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့



**မော်စကို ဖေဖော်ဝါရီ ၁၃**

ရုရှားနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ၂၀၂၃ ခုနှစ် တွင် ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြုလုပ်သော စီးပွားရေးကိစ္စရပ်များဆိုင်ရာ အစိုးရ အစည်းအဝေးတွင် ပြောကြားသည်။

**ပိုမိုတိုးတက်လာ**

ရုရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုသည် မျှော်မှန်းထားသည်ထက် ပိုမိုတိုးတက်လာခဲ့ကြောင်း ရုရှား သမ္မတဗလာဒီမာပူတင်၏ ပြောကြားချက်ကို ကိုးကား၍ ကရင်မလင်က ပြောကြားသည်။

ရုရှားနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ၂၀၂၃ တွင် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးလာမည်ဟု ယခင်က ခန့်မှန်းထားသော်လည်း ၃ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးလာကြောင်း ရုရှားနိုင်ငံ သမ္မတပူတင်က ပြောကြားသည်။

ထို့ပြင် ယခုကဲ့သို့ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး မြင့်တက်ခဲ့ခြင်းသည် အရေးပါသည့် အောင်မြင်မှုတစ်ခု ဖြစ်ကြောင်း ညွှန်းဆိုခဲ့ပြီး ယင်းသို့ အောင်မြင်ခဲ့ခြင်းသည် နိုင်ငံ၏ပြည်တွင်း စွမ်းဆောင်ရည်ကြောင့်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က သတ်မှတ်ခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ စက်မှုထုတ်ကုန် ထုတ်လုပ်မှုသည် တစ်နှစ်ထက်တစ်နှစ် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်း ပမာဏသည်လည်း ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# လာအိုနိုင်ငံ၌ ယခုနှစ်တွင် ပြည်တွင်း ပြည်ပခရီးသွား ခြောက်သန်းကျော် ဆွဲဆောင်ရေးဆောင်ရွက်

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၁၃**

လာအိုနိုင်ငံသည် ယခုနှစ်တွင်နိုင်ငံအတွင်း ပြည်တွင်း ပြည်ပခရီးသွား ခြောက်သန်းကျော် ခရီးသွားလာရေးအတွက် ဆွဲဆောင်မည်ဖြစ်ကြောင်း လာအို ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွား လုပ်ငန်းဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ယခုနှစ်အတွင်း ပြည်တွင်းခရီးသွား ၂ ဒသမ ၂သန်းကျော်နှင့် ပြည်ပခရီးသွား ၄ သန်းဝင်ရောက်ရေးနှင့် ခရီးသွားလုပ်ငန်းဝင်ငွေ ၁ ဒသမ ၃ ဘီလီယံ ရရှိရေး ရည်မှန်းချက်ထားရှိ ဆောင်ရွက်နေကြောင်း ပြန်ကြားရေးယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီး ဌာနဒုတိယဝန်ကြီး ဗန်ဆီကွာမူအာက ပြောကြားသည်။

ယခုနှစ်တွင် ကျရောက်သည့် လာအိုခရီးသွား နှစ်အား လာအို၊ အင်္ဂလိပ်နှင့် တရုတ်ဘာသာစကားများဖြင့် ကြော်ငြာရန်နှင့် ခရီးသွားလုပ်ငန်းများထံသို့ ခရီးသွားသတင်းအချက်အလက် လက်ကမ်းစာစောင်များ ဖြန့်ဖြူးရေးအတွက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်နေသည်။

၂၀၂၄လာအိုခရီးသွားနှစ်တွင် လာအိုနိုင်ငံ၏ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ခရီးသွားများအား ပြသရန်နှင့် လာအိုနိုင်ငံ၏ ရှည်လျားသောသမိုင်းကြောင်းနှင့် သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ ထိန်းသိမ်းထားကြောင်း ဧည့်သည်များအား အသိပေးရန် ရည်ရွယ်ထားသည်ဟု သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**






# သီရိလင်္ကာနိုင်ငံ၏ ပညာရေးစနစ်တွင် ဉာဏ်ရည်တုဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို ထည့်သွင်းသင်ကြားမည်

**ကိုလံဘို ဖေဖော်ဝါရီ ၁၃**

နိုင်ငံ၏ပညာရေးစနစ်တွင် ဉာဏ်ရည်တုဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို ထည့်သွင်းသင်ကြားရေး အတွက် အဆိုပြုချက်ကို သီရိလင်္ကာအစိုးရအဖွဲ့က အတည်ပြုခဲ့ကြောင်း သီရိလင်္ကာပြန်ကြားရေးဝန်ကြီး ဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

၎င်းအဆိုပြု ချက်သည် ဉာဏ်ရည်တုနည်းပညာ နှင့်ပတ်သက်သည့် အမျိုးသားအဆင့် မဟာဗျူဟာနှင့် စီမံချက်တစ်ရပ် ဖွဲ့စည်းရန် ခန့်အပ်တာဝန်ပေးထားသည့် အကြံပေးအဖွဲ့၏ အကြံပြုချက်များအပေါ် အခြေခံထားကြောင်း သိရသည်။ အဆိုပါ စီမံကိန်းကို မိုက်ခရိုဆော့ဖ်အင်စတီကျူ၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ထပ်လောင်းပြောကြားခဲ့သည်။

၎င်းစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သီရိလင်္ကာ အမျိုးသားပညာရေးတက္ကသိုလ်၏ အကြံပြုချက်များအပေါ်အခြေခံ၍ မိုက်ခရိုဆော့ဖ် အင်စတီကျူမှ လက်ရှိအကောင်အထည်ဖော်နေသော နိုင်ငံတကာသင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် အစိုးရအဖွဲ့က အတည်ပြုခဲ့ပြီး လိုအပ်သော အခြေခံလူ့စွမ်းအား အရင်းအမြစ်များရရှိနိုင်သည့် ကျောင်းများတွင် အဋ္ဌမတန်းစတင်၍ ရှေ့ပြေးစီမံကိန်းများကို စတင်မည်ဟု ပြန်ကြားရေးဝန်ကြီးဌာနက ပြောကြားသည်။

မိုက်ခရိုဆော့ဖ် အင်စတီကျူမှ ပံ့ပိုးပေးသော အဆောက်အအုံများတွင် စမ်းသပ်စီမံကိန်းအတွက် ရွေးချယ်ထားသော ကျောင်းများ၏ ဒစ်ဂျစ်တယ်စနစ် အဆင့်မြှင့်တင်ရေးနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဘာသာရပ်သင်ကြားမည့် သင်ကြားပို့ချသူ ၁၀၀ သင်တန်းပေးခြင်းကိုလည်း အတည်ပြုခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အမေရိကန်နိုင်ငံ၌ ရာသီတုပ်ကွေးကြောင့် သေဆုံးသူ ၁၅၀၀ ရှိ

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၃**

အမေရိကန်ပြည်ထောင်စု၌ ယခုတုပ်ကွေးရာသီတွင် တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် တုပ်ကွေးဖြစ်ပွားသူ ၂၂ သန်း၊ ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူရသူ ၂၅၀၀၀၀ နှင့် သေဆုံးသူ ၁၅၀၀၀ ရှိကြောင်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးစင်တာက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ရာသီတုပ်ကွေးရောဂါသည် အမေရိကန်နိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြင့်မားနေဆဲဖြစ်ပြီး နိုင်ငံအချို့တွင်လည်း ဖြစ်ပွားမှု မြင့်မားလျက်ရှိကြောင်း သိရသည်။ဖေဖော်ဝါရီ ၃ ရက်တွင် ကုန်ဆုံးခဲ့သည့် သီတင်းပတ်တွင် တုပ်ကွေးနှင့် ဆက်စပ်သော ရောဂါကြောင့် ကလေးငယ်သေဆုံးမှု ရှစ်ဦးအထိ ရှိခဲ့ပြီး ယခုတုပ်ကွေး ရာသီတွင် ကလေးသေဆုံးသူ စုစုပေါင်း ၇၄ ဦးအထိ ရှိလာခဲ့ကြောင်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးစင်တာက ပြောကြားသည်။

လက်ရှိတွင် တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၁၀၀၀ ကျော်အား ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးစင်တာ၏ အချက်အလက်များအရ သိရသည်။ အမေရိကန်နိုင်ငံ၌ တုပ်ကွေးဖြစ်ပွားမှုများ မြင့်တက်နေခြင်းကြောင့် အသက် ခြောက်လနှင့်အထက် လူတိုင်း နှစ်စဉ်တုပ်ကွေးကာကွယ်ဆေးထိုးရန် အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးစင်တာက အကြံပြုထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က တာဝေးပစ်ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်ခတ်

**တီဟီရန် ဖေဖော်ဝါရီ ၁၃**

အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့သည် တာဝေးပစ်ဒုံးကျည်တစ်စင်းကို ၎င်းတပ်ဖွဲ့၏ရေတပ်သင်္ဘောတစ်စင်းပေါ်မှ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ဖားစ်သတင်းအေဂျင်စီက ယမန်နေ့တွင် ပြောကြားသည်။

ယခုဒုံးကျည် စမ်းသပ်ပစ်ခတ်ခြင်းသည် အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့ လေကြောင်းနှင့်အာကာသဆိုင်ရာ တပ်ဖွဲ့နှင့် ရေတပ်တို့အကြား ပူးပေါင်းဆောင်ရွက်ခြင်းမှရရှိခဲ့သည့် အောင်မြင်မှုဖြစ်ပြီး ရေတပ်၏ တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ရာရောက်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့တပ်မှူး ဟူစိန်ဆာလာမီက ပြောကြားသည်။ မိမိတို့၏ စစ်သင်္ဘောများသည် မည်သည့် ပင်လယ်ရေပြင်တွင်မဆို လှုပ်ရှားသွားလာနိုင်ပြီး ရန်သူတပ်ဖွဲ့များကို ချေမှုန်းနိုင်သည့်စွမ်းအင်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အီရန်ရေတပ်သည် ခေတ်မီနည်းပညာများ အသုံးချနိုင်သည့် တပ်ဖွဲ့ဖြစ်ရုံသာမက အီရန်တပ်မတော်သည် မိမိနိုင်ငံအား ရန်လိုတိုက်ခိုက်မည့် အဖျက်သမားများကို တွန်းလှန်နိုင်သည့် စွမ်းရည်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ဘာသာပြန်-စိုးသူရ**



# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ တိရစ္ဆာန်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရော၀တီ တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်တွင် မြန်အောင်ခရိုင် အင်္ဂပူမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၅၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၀၀) နှင့် ပုသိမ်ခရိုင် ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၅ ဒသမ ၃၇၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၇၃၅၆ ကျပ်)ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ပုသိမ်ခရိုင် ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် သုည ဒသမ ၆၉၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၆၀၀)နှင့် မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ တရားမဝင်အခြားသစ် ၆ ဒသမ ၀၁၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၇၂၈ ကျပ်)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၉၁၈၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Queen လိမ္မော်အချိုရည်အဆီပုလင်း ၁၅၆၀၊ Chaokoh Coconut Cream ၁၄၉၆ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၃၆၇၉၂ ကျပ်)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၃၆၇၉၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ နမ့်ခမ်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိပ်အကောင်သေးအကောင် ၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၇၅၀၀) နှင့် အဆိုပါ လိပ်များတင်ဆောင်လာသည့် Toyota Crown Estate တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၃၇၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ၌ ဖေဖော်ဝါရီ ၁၁ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Violet နို့ဝေဖာထုပ် ၄၆၈၀၊ Simethicone Air-x Drops ဆေးဘူး ၁၈၉၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၇၇၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Yum Yum ခေါက်ဆွဲခြောက်ထုပ် ၃၆၀၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၃၉၈ တန်၊ အခြားသစ် ၁၉ ဒသမ ၈၅၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၂၅၇၆ ကျပ်ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၃၄၉၅၇၆ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု၊ ခန့်မှန်းတန်ဖိုးငွေ ၁၅၇၂၅၃၀၅၂ ကျပ်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “wai Moe Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ် တမ္ပဝတီရပ်ကွက်နေ ကျော်ကျော်မင်းအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ “မောင်စိန်ဝင်းလယ်ဝေး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဝဲကြီးကျေးရွာနေ နေဝင်းအား နေ့လယ် ၃ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်း ဦးဆောင်သောအဖွဲ့ မြို့နယ်အတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများ၊ အဆောက်အအုံများအား ဖေဖော်ဝါရီ ၉ ရက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး၊ အသိပညာပေးခြင်း၊ စစ်ဆေးခြင်းများဆောင်ရွက်စဉ်။

မြို့နယ်(ပြန်ဆက်)

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဇမ္ဗူသီရိ? 


စိုင်းသန်းဖေနှင့် စိုင်းအိုက်လှိုင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။



အောင်မြေသာစံမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲပြုလုပ်စဉ်။



ကျောက်ဆည်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲပြုလုပ်စဉ်။

## အောင်မြေသာစံမြို့နယ်၊ ပြင်ဦးလွင်မြို့၊ ကျောက်ဆည်မြို့၊ မိတ္ထီလာမြို့နှင့် မကွေးမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ ရွှေမန်းတောင် လူငယ်အားကစားကွင်း၌လည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ လည်းကောင်း၊ ကျောက်ဆည်မြို့ရှိ ရွှေစေတီဘုရားဝင်းအတွင်း၌ လည်းကောင်း၊ မိတ္ထီလာမြို့ရှိ ခရိုင်အားကစားကွင်းအတွင်း၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ကံသာကန်ပေါင်၌လည်းကောင်း ပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံတိုင်းရင်းသား မျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီး၌ စုဝေးကြပြီး ကျင်းပမည့်နေရာအသီးသီးသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက "ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံကြိုဆိုပါသည်၊ နိုင်ငံတော်ကိုကာကွယ်ဖို့ တစ်မျိုးသားလုံး စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်ကို ပြည်တွင်း/ ပြည်ပအန္တရာယ်များကကာကွယ်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက်ဆန္ဒထုတ်ဖော်ဟောပြောကာ ငြိမ်းချမ်းစွာ လူစုခွဲခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကောလင်းမြို့ရှိ ရပ်ကွက်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများ၏ အဖိုးတန်ပစ္စည်းများကို တပ်မတော်သားများက ကားများဖြင့်သယ်ယူနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ









နေပြည်တော် ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် တိုက်ပွဲများပြင်းထန်နေပြီး တပ်မတော်မှ ထိခိုက်ကျဆုံးမှုများပြားမှုကြောင့် မြို့ပေါ်ရပ်ကွက်များကို မီးရှို့ဖျက်ဆီးနေကြောင်းနှင့် စစ်ရှောင်ပြည်သူများ၏ နေအိမ်များအတွင်းရှိ အဖိုးတန်ပစ္စည်းများကိုလည်း စစ်ကားများဖြင့် သယ်ဆောင်သွားကြကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအား အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများတွင် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါကောလင်းမြို့ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ နေရပ်စွန့်ခွာသူ ပြည်သူများ၏ နေအိမ်များအား ဖောက်ထွင်းဝင်ရောက်၍ ပစ္စည်းများယူဆောင်ခြင်းများအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်းခဲ့ရာတွင်လည်း အကြမ်းဖက်သမားများအနေဖြင့် လူနေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများလုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုနှင့် ၎င်းတို့ထောင်ထားသည့် မိုင်းများကြောင့် ကောလင်းမြို့ပေါ်ရှိ နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ရပြီး ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးနေမှုများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်များတွင် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးမြို့နယ်တွင် တပ်မတော်က အမျိုးသား ၄၀ ကျော် ဖမ်းဆီးခဲ့ပြီး ဖမ်းဆီးမှုများ ဆက်တိုက်လုပ်ဆောင်လာကြောင်း ကောလာဟလသတင်းများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဘုံတောကျေးရွာတွင် ဖေဖော်ဝါရီ ၁၂ ရက်က အမျိုးသား ၄၀ နီးပါးကို တပ်မတော်က ဖမ်းဆီးသွားကြောင်းနှင့် ဖေဖော်ဝါရီ ၂ ရက်ကလည်း ကလေးမြောက်ပိုင်း ကျီကုန်းရွာမှ သီရိလင်္ကာဘုန်းကြီးကျောင်းတွင် ဒကစမှူးကိုယ်တိုင်ဆင်းကာ ပြည်သူ့စစ်အတွက် လူအင်အား ၄၀ မဖြစ်မနေပေးရန် တောင်းသွားသည်ဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အထက်ပါ သတင်းနှင့်ပတ်သက်၍ ကလေးမြို့လုံခြုံရေးတာဝန်ခံအရာရှိတစ်ဦး၏ ပြောကြားချက်အရ ဖေဖော်ဝါရီ ၁၂ ရက်တွင် တပ်မတော်မှ ဘုံတောကျေးရွာသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်း၊ အမျိုးသား ၄၀ ကို ဖမ်းဆီးသည်ဆိုသည်မှာလည်း သတင်းမှားသာဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီ ၂ ရက်တွင် ကျီကုန်းရွာ သီရိလင်္ကာဘုန်းကြီးကျောင်းတွင် ဒကစမှူးက ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်မှုကို ပြည်ဖျက်မီဒီယာများက





မဟုတ်မမှန်လုပ်ကြံသတင်းများ လုပ်ကြံရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၂ ရက်က မီးဘေးအန္တရာယ်ကာကွယ်ရေး တစ်အိမ်တက်ဆင်း အသိပညာပေးခြင်းနှင့် မီးဘေးသတိမူရေးနှိုးဆော်အသိပေးခြင်းအား ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားပြခန်းများသို့ သွားရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းသို့ သွားရောက်၍ မြန်မာ့အားကစားလှုပ်ရှားမှုပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာ့အားကစားလှုပ်ရှားမှုပြခန်းများ ဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း၊ မြန်မာ့အားကစားမော်ကွန်းခန်းမအတွင်းရှိ မှတ်တမ်းတင်ထားရှိထားသော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ပုံတူရုပ်တုများ၊ မြန်မာ့အားကစားမော်ကွန်းခန်းမ၊ ၂၀၁၆-၂၀၂၀ ပြည့်နှစ်အတွင်း အားကစားလှုပ်ရှားဆောင်ရွက်မှုပြခန်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိခဲ့သူများနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲမှတ်တမ်းဓာတ်ပုံများ၊ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ၊ အားကစားရွာနှင့် Social Zone ဖွင့်ပွဲ မှတ်တမ်းဓာတ်ပုံများနှင့် အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)တို့ကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။



ထို့နောက် လေ့လာရေးအဖွဲ့သည် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအတွင်းသို့ သွားရောက်လေ့လာကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း စတင်တည်ဆောက်ခဲ့မှု၊ လက်ရှိအားကစားပြိုင်ပွဲများ ကျင်းပနေမှုနှင့် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါလေ့လာရေးအဖွဲ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟုမ္မလင်းမြို့၌ စိုက်ပျိုးရေးနည်းပညာပေးစာတမ်းဖတ်ပွဲ ကျင်းပ

**ဟုမ္မလင်း ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ "ဆီထွက်သီးနှံတိုးတက်ဖို့မြေပဲနက်ပါ စိုက်ကြစို့" စိုက်ပျိုးရေးနည်းပညာပေး စာတမ်းဖတ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ကျင်းပသည်။

ခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်က ဆီထွက်သီးနှံများတိုးမြှင့်စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ဇာဇာလှိုင်က "ဆီထွက်သီးနှံတိုးတက်ဖို့ မြေပဲနက်ပါစိုက်ကြစို့" ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားခြင်း၊ လ/ထ ဦးစီးမှူး ဦးယောထန်းက ဆီထွက်သီးနှံမြေပဲအထွက်တိုး စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကော်မတီဝင်များနှင့် တောင်သူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဟင်းသီးဟင်းရွက်မျိုးစေ့နှင့် ပညာပေးစာအုပ်များ ပေးအပ်ခဲ့ကြောင်း၊ ဝါးလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကိုင်သည့် တောင်သူများအား ဝါးနီးဖြာစက် အသုံးပြုနည်း သရုပ်ပြသခဲ့ကြပြီး ကက်သာကျေးရွာမှ ဝါးလက်မှုပစ္စည်းများ လုပ်ကိုင်သူ တောင်သူအစုအဖွဲ့များ စုပေါင်းအသုံးပြုနိုင်ရန် နီးဖြာစက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**



# မိုင်းယောင်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် ကွပ်ကဲမှုအောက်ရှိ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက ဟောင်ကြန့်ကျေးရွာအုပ်စု ယမ်းခမ်း-ဝမ်ဖြိုကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းပေါ်၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ မိုင်းယောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး မိုင်းယောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးက ယမ်းခမ်း-ဝမ်ဖြိုကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြား သည်။

ဖွင့်ပွဲအခမ်းအနားကို မိုင်းယောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ယမ်းခမ်း-ဝမ်ဖြိုကျေးလက်ကုန်ထုတ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျေးလက်ကုန်ထုတ်လမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**၂၂၂**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၃၀ | ၂၇၅၅ | ၂၇၄၀ | ၂၇၁၅ | ၂၈၁၅ | ၂၈၃၀ | ၂၇၂၀ | ၂၇၃၀ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၀ | ၃၀၀၀ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၅၅ | ၂၈၅၀ | ၂၈၁၅ | ၂၈၅၀ | ၂၈၇၅ | ၂၈၆၀ | ၂၈၄၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၄၅ | ၂၈၆၀ | ၂၈၉၀ | ၂၈၉၀ | ၂၈၉၅ | ၃၁၂၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၂၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၇၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၇၂၅ | ၂၇၂၀ | ၂၆၁၀ | ၂၆၂၅ | ၂၆၅၅ | ၂၆၆၀ | ၂၆၆၀ | ၂၈၉၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၁၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၉ | ၂၆၄၄ |
| 95 Ron | ၂၆၇၇ | ၂၇၆၄ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| HSD (50 ppm) | ၂၄၅၁ | ၂၅၃၀ |
| HSD (10 ppm) | ၂၄၆၄ | ၂၅၄၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

**☆ ခေတ္တရပ်နားမှ**

ပွဲစဉ် (၁၁) အပြီးတွင် VUC အသင်းက ရမှတ် ၃၃ မှတ်ဖြင့် ဦးဆောင်နေပြီး MIU အသင်းက ၂၅ မှတ်၊ Winner Soccer အသင်းနှင့် Generations အသင်းတို့က ၂၃ မှတ်စီ၊ Futsal-19 အသင်းက ၁၆ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၁၂ မှတ်၊ M2K အသင်းက ရှစ်မှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် လင်းလက်အသင်းတို့က ခုနစ်မှတ်စီ၊ Dream Team အသင်းက ခြောက်မှတ်ရရှိထားသည်။

ဒုတိယအကျော့ပွဲစဉ်များကို မတ်လဆန်းပိုင်းအထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအပြီး အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးသုံးသင်းမှာ ချန်ပီယံဆုအတွက် Play-off ပွဲစဉ် ပြန်ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးကျေးဇူးများ

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဌာနခွဲသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၇-၁-၂၀၂၁ ရက်နေ့မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ရာနှုန်းပြည့် ကာကွယ်ဆေးထိုးရေး အစီအစဉ်အရ ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ ၂၆-၁-၂၀၂၄ ရက်နေ့အထိ အသက်ငါးနှစ်နှင့်အထက်ရှိသော ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူလူဦးရေ ၄၃ သန်းကျော်အနက် လူဦးရေ ၃၉ ဒသမ ၈ သန်းခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးနိုင်ခဲ့ပြီး ကာကွယ်ဆေးလွှမ်းခြုံမှု ၉၂ ရာခိုင်နှုန်းရရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသည့် လူဦးရေမှာ ၃၆ ဒသမ ၃ သန်းခန့် ရှိပြီဖြစ်သောကြောင့် ကာကွယ်ဆေးလွှမ်းခြုံမှု ၈၄ ရာခိုင်နှုန်းရရှိခဲ့ပြီး ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လပြည့်ပြီးသော အသက်ငါးနှစ်နှင့်အထက်ရှိသူများအား အသက်အရွယ်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ်) များကို ထိုးနှံပေးလျက်ရှိပါသည်။

Gavi Covax Facility မှ လှူဒါန်းသည့် Pfizer Original Strain Comirnaty 30 micrograms / dose နှင့် Omicron မျိုးကွဲများကိုပါ ကာကွယ်ပေးနိုင်သည့် Pfizer Original/ Omicron BA.4-5 Comirnaty (15/15 micrograms) /dose ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အသုံးပြု၍ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ၁-၁-၂၀၂၄ ရက်နေ့မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နောက်ဆုံးအကြိမ်ထိုးနှံပြီးစီးမှုကာလ ခြောက်လပြည့်ပြီးသော ကျန်းမာရေးဝန်ထမ်းများ၊ အသက် ၅၀ နှစ်အထက် နာတာရှည်ရောဂါခံစားနေရသော ပြည်သူလူထုများ၊ အသက် ၅၀ နှစ်အထက် နိုင်ငံ့ဝန်ထမ်းများ၊ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူလူထုများ၊ အသက် ၁၈ နှစ်နှင့်အထက် နာတာရှည်ရောဂါရှိသူများ၊ ကိုယ်ခံအားကျဆင်းသည့် ရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပါသည်။

ထိုသို့ ပြည်သူလူထုများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အကြိမ်ပြည့် ထိုးနှံထားခြင်း၊ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံထားခြင်းတို့ဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ခြင်း၊ ရောဂါဖြစ်ပွားပါက ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ခြင်း၊ မျိုးကွဲသစ်များ ပေါ်ပေါက်လာသော်လည်း ကာကွယ်ဆေးထိုးနှံထားပါက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသည့် လွှမ်းခြုံမှု (Coverage) ကောင်းမွန်ပါက ပြည်သူလူထုအကြား ရောဂါကာကွယ်နိုင်မှု မြင့်တက်လာပြီး ကိုဗစ်-၁၉ ရောဂါ အစုလိုက် ကပ်ရောဂါ အသွင်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။




# ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်ဆုတံဆိပ်၊ ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ပွဲ ကျင်းပ



**ပဲခူး ဖေဖော်ဝါရီ ၁၃**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး ဂုဏ်ထူးဆောင်ဆုတံဆိပ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ပွဲ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်းမှာလည်း စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု စီမံခန့်ခွဲရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးစသည့် ကဏ္ဍအသီးသီးတွင် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့သူများအား ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ၆၂ ဦး ဖော်ထုတ်ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်အတွက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံတော်နှင့် တိုင်းဒေသကြီးအကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် လူပုဂ္ဂိုလ် ၇၈ ဦးအား ဖော်ထုတ်၍ ဂုဏ်ထူးဆောင်ဆုတံဆိပ်နှင့် ဂုဏ်ထူးဆောင်ဆုငွေများ ထပ်မံပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများက ဘွဲ့ထူးဂုဏ်ထူးရရှိကြသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဆို၊ က၊ ရေး၊ တီး ဆုရရှိသူများ၊ အားကစားထူးချွန်သူများ၊ နည်းပြများ၊ သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ဆုရရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ညောင်တုန်း ဖေဖော်ဝါရီ ၁၃**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက် ကျေးရွာ အုပ်စုပေါင်းစုံ အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

### ကြည့်ရှုအားပေး

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာ အုပ်စုပေါင်းစုံ အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဒိုင်အဖွဲ့နှင့် မြို့နယ်ဒိုင်အဖွဲ့တို့အား ဂုဏ်ပြုငွေများ ပေးအပ်ပြီး (၇၇)နှစ်မြောက်



ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် နေရာအလိုက် ဂိုး၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းနှင့် အကောင်းဆုံး ဘောလုံးသမားဆု ရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် တာဝန်ရှိသူများ၊ တတိယဆုရရှိသော မြို့မဇုန်-၂ အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်ငါးသိန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကျော်မျိုးထက်နှင့် တာဝန်ရှိသူများ၊ ဒုတိယဆုရရှိသော မြို့မဇုန်-၁ အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်ခုနစ်သိန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်မျိုးသူနှင့် တာဝန်ရှိသူများ၊ ပထမဆုရရှိသော ဆားမလောက်ဇုန်အသင်းအား ပထမဆုဖလားနှင့် ငွေသားဆု ငွေကျပ် ၁၀ သိန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သံဃာတော်များနှင့် အငြိမ်းစားဝန်ထမ်းဟောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်း ဒေသကြီး အတွင်းရှိ သံဃာတော်များနှင့် အငြိမ်းစား ဝန်ထမ်းဟောင်းများ နှင့်ကြီးကြပ်သူများ စုစုပေါင်း ၂၄၉ ဦးတို့သည် ယနေ့မွန်းလွဲပိုင်း တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထား ကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် သံဃာတော်များ၊ အငြိမ်းစား ဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်ဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထား ပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး သံဃာတော်များ၊ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အဦများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ဖားအောက်တောရစာသင်တိုက်မှ သံဃာတော် ၁၂ ပါးနှင့် ရှင်သာမဏေ ၁၃၅ ပါး အပါအဝင် အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် သံဃာတော်များ၊ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများ၏ ရင်တွင်းစကားသံများကို ယခုလို ကြားသိခဲ့ရပါသည်- စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်က လာရောက် ဖူးမြော်တာဖြစ်ပါတယ်။ အခုလို လာရောက်ဖူးမြော်ရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူတွေက တကူးတကစီမံပြီး စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံး အလှည့်ကျ ဖူးမြော်နိုင်အောင် စီမံပေးထားတာ ဖြစ်ပါတယ်။ ရဟန်းရှင်လူတွေနဲ့ မလာရောက်နိုင်သေးတဲ့ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့လည်း ကိုယ်တိုင်ကိုယ်ကျ မဟုတ်တောင်မှ အစိုးရက စီစဉ်ပေးတာပဲဖြစ်ဖြစ်၊ မိသားစုလိုက်ပဲဖြစ်ဖြစ်၊ အကြောင်း အမျိုးမျိုးကြောင့်ပဲ ဖြစ်ဖြစ် ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ အားလုံးသော ဒါယကာ၊ ဒါယိကာမ ပရိသတ်အပေါင်း သူတော်ကောင်းတို့လည်း ဒီထက်မက အမျိုးဘာသာ သာသနာကို စောင့်ရှောက်နိုင်တဲ့ ပညာရှိ သူတော်ကောင်း ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေ။

အငြိမ်းစား အဖွဲ့တွေကို ပို့ဆောင်ပေးဖို့အတွက် အခုလို ရောက်ရှိလာတာပါ။ ဒီကို ရောက်တဲ့အချိန်မှာ အလွန်ပီတိဖြစ်ရပါတယ်။ ဘုရားကြီးကို ကြည့်ပြီးတဲ့ အခါကျတော့ ကြည်ညိုတဲ့အပြင် ဘယ်မှာမှ မရှိသေးတဲ့ဘုရားကြီးကို ဖူးလိုက်ရတဲ့အတွက် တော်တော်လေး ရင်ထဲမှာ ပီတိဖြစ်ရပါတယ်။ လာရောက် ပို့ဆောင်ပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်တစ်ခေါက်ရောက်ဖို့ဆိုတာကလည်း မလွယ်ပါဘူး။ အတိုင်းမသိ ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ မိသားစုရောက်ဖို့ဆိုတာက တစ်နယ်နဲ့တစ်နယ် လွယ်တဲ့ကိစ္စမဟုတ်လို့ အခုလို ပို့ဆောင်ပေးတဲ့အတွက် အထူး ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**





---

❂ **MNL Cup မှ**

ယင်းပြိုင်ပွဲတွင် လာမည့်ရာသီ MNL ပြိုင်ပွဲဝင် ၁၂ သင်း၊ MNL-2 (ပထမတန်း) ပြိုင်ပွဲဝင် ကိုးသင်း စုစုပေါင်း ၂၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ခြောက်သင်း တစ်အုပ်စုနှင့် ငါးသင်း သုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် MNL ကလပ်များဖြစ်သည့် ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်၊ အား/ကာသိပ္ပံ၊ ဒဂုံစတားယူနိုက်တက်၊ မြဝတီ၊ မဟာယူနိုက်တက်၊ ရခိုင်ယူနိုက်တက်၊ ရောဝတီယူနိုက်တက်၊ ရတနာပုံ၊ သစ္စာအားမာန်၊ Dagon Port အသင်း၊ MNL-2 ကလပ်များဖြစ်သည့် GFA၊ ကချင်ယူနိုက်တက်၊ တက္ကသိုလ်၊ Glory Goal၊ ရွှေပြည်သာ၊ ငွေကြယ်ပွင့်၊ ရက္ခပူရယူနိုက်တက်အသင်းနှင့် တန်းတက်ခွင့်ရနှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒီဇင်ဘာကကျင်းပခဲ့သည့် MNL-2 တန်းတက်ခွင့်အတွက် အပျော်တမ်းအသင်းများပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ရောက်ရှိသည့် Rangers အသင်းနှင့် Rainbow အသင်းတို့မှာ တန်းတက်ခွင့်ရထားပြီး လာမည့်ရာသီတွင် ကစားခွင့်ရမည်ဖြစ်သည်။ ပြိုင်ပွဲကို မတ် ၁ ရက်မှ ဇွန် ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို မတ် ၁ ရက်မှ မေ ၂၁ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂၅၊ ၂၆ ရက်၊ ဗိုလ်လုပွဲကို ဇွန် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ YUSC ကွင်း၊ တက္ကသိုလ်ကွင်းနှင့် ပဒေသာကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုမူ သုဝဏ္ဏကွင်း၌သာ ပြုလုပ်မည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်သည် လာမည့်ရာသီတွင် MNL ကလပ်အသင်းများကို လိဂ်ပြိုင်ပွဲကျင်းပမည့်ကာလ အပြောင်းအလဲပြုလုပ်မည် ဖြစ်သောကြောင့် ကလပ်အသင်းများ ပြိုင်ပွဲမပြတ်စေရန် MNL Cup ပြိုင်ပွဲ ကျင်းပခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**

---

❍ **ကျောဖုံးမှ**

ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ဂယ်လာဂါကတော့ အခုဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ပထမဆုံးသွင်းဂိုးကို သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်အတွက် ဖိအားတွေ တိုးလာစေခဲ့တာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ချယ်လ်ဆီးအသင်းက ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့် ၁၀ နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပေမယ့် ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ အဆင့် ၁၅ နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

---

## သာစည်မြို့နယ် မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များ စွမ်းရည်ပိုမိုမြင့်မားရေးလေ့ကျင့်လျက်ရှိ

**သာစည် ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး တပ်ဖွဲ့ဝင်များ စွမ်းရည်ပိုမိုမြင့်မားရေး နေ့စဉ်လေ့ကျင့်ပေးလျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ရာတွင် ဒုမီးသတ်ဦးစီးမှူးဦးစည်သူအောင်နှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို တစ်အိမ်တက်ဆင်းကွင်းဆင်း လိုက်လံစစ်ဆေးပြီး အသိပညာပေးခြင်း၊ မီးသတိပြုရန် အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။



မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း မီးသတ်စွမ်းရည်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ခေတ်မီကိရိယာများဖြင့် ဆောင်ရွက်ရာတွင် ပိုမိုကျွမ်းကျင်မှုရှိစေရန်အမြဲမပြတ် လေ့ကျင့်ပေးလျက်ရှိ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## မိုးနဲမြို့နယ် ခဲတောင်ကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုစစ်ဆေး

**မိုးနဲ ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နောင်လိုင်ကျေးရွာအုပ်စု ခဲတောင်ကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ မိုးနဲမြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးနှင့် တာဝန်ရှိသူများသည် ခဲတောင်ကြီးကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ မြေသားအမြင့်တစ်ပေ၊ သဲဖြုန်းအမြင့် ကိုးလက်မဒုခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**၂၂၂**

---

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၃-၂-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| နဝကမ္မ စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၁၆၇။ | ပညာရေးဝန်ကြီးဌာနမှ ပါမောက္ခချုပ်များနှင့် ဆရာအတတ်ပညာဦးစီးဌာနမှ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများကောင်းမှု | ၂၀၅၀၀၀၀ |
| ၈၁၆၈။ | ဦးစိန်ဝင်းလေးနှင့်ဇနီး ဒေါ်စန်းစန်းမြင့်မိသားစုကောင်းမှု | ၁၀၃၀၀၀၀ |
| ၈၁၆၉။ | ဦးဟန်တင်နှင့်ဇနီး ဒေါ်သီတာဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၁၇၀။ | ဦးလှသိန်းနှင့်ဇနီး ဒေါ်ဝိုင်းစိန်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၁၇၁။ | ဦးမင်းဇော်ဦးနှင့်ဇနီး ဗိုလ်ကြီးခင်သီတာဝေမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၁၇၂။ | ဦးသန်းထွဋ်ဝင်းနှင့်ဇနီး ဒေါ်မေရီစိန် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၁၇၃။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးကံညွန့်နှင့်ဇနီး ဒေါ်ညွန့်ညွန့်ရီမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၁၇၄။ | ဦးတင်မျိုးအေးနှင့် ဒေါ်နှင်းသီသီလွင်၊ (သား)မောင်မျိုးမင်းပိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၁၇၅။ | ဦးအေးဟန်နှင့်ဇနီး ဒေါ်လင်ချွန်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၁၇၆။ | ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ကြင်အေး၊ (သမီး) မသက်ထားအေး၊ (သား)မောင်ထင်လင်းအောင်နှင့်ဇနီး မယမင်းစိုးဝင်း၊ (မြေး) မောင်ကောင်းထက်အောင်၊ မအေးသီရိလင်း၊ မအေးသဒ္ဒါလင်း မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၁၇၇။ | ကွယ်လွန်သူ ဖခင် ဦးမြကျော်နှင့် မိခင်ဒေါ်အုန်းကြည်တို့အားရည်စူး၍ (သမီး)ဒေါ်စန်းစန်းမြင့်၊ မကြည်ကြည်မြမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၁၇၈။ | ဒေါ်အေးမွန်သူ မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၈၁၇၉။ | တပ်ကြပ်ဇော်မင်းထိုက်နှင့်ဇနီး ဒေါ်အေးအေးရွှေ (သမီး)မဟိန်းလှဲ့လှဲ့ဇော်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၁၈၀။ | ဗိုလ်ကြီးကျော်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်စိန်အေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၁၈၁။ | ဦးကျော်သီဟနှင့်ဇနီး ဒေါ်ခင်စန်းမြင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၁၈၂။ | ဗိုလ်ချုပ်လှရွှေ(ငြိမ်း)နှင့်ဇနီး ဒေါ်မူမူမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၈၃။ | ကွယ်လွန်သူ ဗိုလ်မှူးချုပ်မျိုးတင့်နှင့်ဇနီး ဒေါ်မျိုးကိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၈၄။ | ကိုဇော်ထွန်းနိုင်နှင့်ဇနီး မယဉ်ယဉ်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၈၅။ | ဆရာတော် ဦးတေဇဝံသကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၈၆။ | ဆရာတော် ဦးဝေပုလ္လကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၈၇။ | နန်းတော်ရှေ့တိုက်တော်၊ မြင်ခုံတိုင်းကျောင်း ဆရာတော် ဦးဇောတိက ကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၈၈။ | လေးကျွန်းပြေအုတ်ကျောင်း၊ သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း ကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၈၉။ | ကွယ်လွန်သူ မိခင် ဒေါ်မြမြအေးအားရည်စူး၍ ဖခင် ဦးလှမြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၉၀။ | ဦးညွန့်စိုးနှင့်ဇနီး ဒေါ်လှမေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၉၁။ | ဦးလှဘုန်းနှင့်ဇနီး ဒေါ်စန်းစန်းဝင်း၊ (သား) မောင်အောင်လှဘုန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၉၂။ | ဆွမ်းဦးပုညရှင် ဂေါပကအဖွဲ့ကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၉၃။ | ကွယ်လွန်သူ ဖခင်ကြီး ဦးသိန်းဆောင်အားရည်စူး၍ ဒေါ်ရှင်၊ (သမီး)မကြည်ကြည်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၉၄။ | ဦးတင်မောင်ကြည်နှင့်ဇနီး ဒေါက်တာခင်ခင်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၉၅။ | ဒေါ်ခင်မေသိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၉၆။ | ဘိုးဘွား၊ မိဘများနှင့် ဦးစန်းရွှေ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၆၀၀၀၀ |
| ၈၁၉၇။ | ဆရာတော် ဦးကေတုမာလာ၏ (၆၀)ပြည့် မွေးနေ့ကောင်းမှု | ၆၀၀၀၀ |
| ၈၁၉၈။ | ဒေါ်နှင်းရည်ဝင်း၊ မမေသုသူထက်မိသားစုကောင်းမှု | ၅၅၀၀၀ |
| ၈၁၉၉။ | ဦးသန်းထွန်းအောင်နှင့်ဇနီး ဒေါ်ဝင်းမာခိုင် မိသားစုကောင်းမှု | ၅၁၀၀၀ |
| ၈၂၀၀။ | ဒေါက်တာဝင်းငွေအောင်နှင့်ဇနီး ဒေါ်မြမြကြိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၀၁။ | ဒေါ်သန်းသန်းအေးနှင့် ဘုရားဖူးအဖွဲ့ကောင်းမှု | ၅၀၀၀၀ |
| ၈၂၀၂။ | မသန်းရီ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၀၃။ | ကွယ်လွန်သူ အဘွား ဒေါ်တင်ရွှေအားရည်စူး၍ မြေးဖြစ်သူ ကိုနေမင်းသိုက်နှင့်ဇနီး မခင်ခင်ငွေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၀၄။ | ဦးကျော်လင်းနှင့်ဇနီး ဒေါ်မြတ်မြတ်ထွေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၀၅။ | ဦးသက်ခိုင်နှင့်ဇနီး ဒေါက်တာစိုးစိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၀၆။ | မဇင်မာမြင့်နှင့် မအိဝေဇင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၀၇။ | ဦးတေဇာအောင်နှင့်ဇနီး ဒေါ်သန္တာထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၀၈။ | ဦးညွန့်မောင်နှင့်ဇနီး ဒေါ်ရင်မြမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၀၉။ | ဘိုး၊ ဘွား၊ မိဘများနှင့် ဆရာတော် ဦးကောသလတို့အား ရည်စူး၍ ဦးကြည်နှင့်ဇနီး ဒေါ်ယဉ်ဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၁၀။ | ဦးတင်ဇော်ထွန်းနှင့်ဇနီး ဒေါ်မိုးမိုးခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၁၁။ | ဦးခင်မောင်နှင့်ဇနီး ဒေါ်လှဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၁၂။ | ဦးစံသောင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၁၃။ | ဦးကျော်သိန်းနှင့်ဇနီး ဒေါ်ခက်ခက်ခိုင်၊ (သား)မောင်ထက်ဇွဲဟန်သိန်း၊ (သမီး)မချူးမီမီသိန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၁၄။ | ဒေါ်ရီမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၁၅။ | ကွယ်လွန်သူ ဦးထွန်းမြင့်နှင့်ဇနီး ဒေါ်ညွန့်ရွှေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၁၆။ | ဦးမောင်မောင်မြင့်နှင့်ဇနီး ဒေါ်သိန်းကြည် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၂၁၇။ | ဦးဇော်ဦးနှင့်ဇနီး ဒေါ်သန်းသန်းစိုး မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ဝ၃၄၃ဝ၂ဝ၁၇ဝဝ၂၈၇ဝဝ၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ဝ၉-၆၆၄ဝဝဝဝ၄၁၊ ဝ၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ဝ၉-၄၂၉၇၂၂၅၄၈၊ ဝ၉-၂၅၅၈၂၅၂၁၆


## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ သုမင်္ဂလာအိမ်ရာ(၂)၊ တိုက်(၃)၊ အခန်း(၃၀၂)၊ တတိယထပ်၏ အမည်ပေါက် ဒေါ်သီတာမြင့် [၁၂/ရကန(နိုင်)၀၄၉၆၂၆] ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ဆွေဆွေထိုက် [၅/အရတ (နိုင်)၀၅၄၄၉၅] ၏ (Owner Book) မှာ ခြကိုက်ပျက်စီးသွားပါသဖြင့် (Owner Book) မိတ္တူမှန် ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်အိမ်ရာ၊ တိုက်(၄)၊ အခန်း (၁၀၁) ပထမထပ်၏ အမည်ပေါက် ဦးတင်မောင်ကြည် [၁၂/ရကန(ပြု)၀၀၁၂၇၉] ထံမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူထားသူ ဒေါ်ခင်မာမာဝင်း [၁၂/ဥကတ(နိုင်)၁၀၂၆၈၁]၊ ဒေါ်ခင်လှဲ့လှဲ့ဝင်း [၁၂/ဥကတ(နိုင်)၁၀၅၉၆၉]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက် ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## မိခင်အမည်မှန်

ပဲခူးတိုင်း ဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ အ.ထ.က မြို့မ GRADE-12 မှ မရွှေယွန်းမှုံဦး၏ မိခင်အမည်မှန်မှာ ဒေါ်ရင်ရင်ငွေး [၇/ဇကန (နိုင်)၀၂၅၀၇၅] ဖြစ်ပါသည်။ **ဒေါ်ရင်ရင်ငွေး [၇/ဇကန (နိုင်)၀၂၅၀၇၅]**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဇင်မာဌေး [၉/ပဘန(နိုင်)၁၈၂၈၂၁] နိုင်ငံကူးလက်မှတ် MD-689305 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph:09-779870815**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ချမ်းမြေ့ဦး [၁၂/သလန(နိုင်) ၁၁၇၃၃၆]၏ ပတ်စ်ပို့နံပါတ် MD 910971 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ဝ၉-၆၆၅၉၅၇၁၈၂**

# ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် သတ္တမအကြိမ်မြောက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်(Recruitment Point System)ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်း (EPS–TOPIK , Ubiquitous Based Test ) နှင့် အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test) ကျင်းပပြုလုပ်ရန်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် အမှတ်ပေးစနစ်ဖြင့် နိုင်ငံခြားသား အလုပ်သမားများ ခန့်ထားမှုစနစ် (Point System for Recruitment of Foreign Workers)ကို မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

ကိုရီးယားသမ္မတနိုင်ငံ၏ အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်သည် အလုပ်လုပ်ကိုင်လိုသူ၏ ကိုရီးယားဘာသာစကားကျွမ်းကျင်မှု၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေနှင့် အတွေ့အကြုံများပါ စစ်ဆေးခြင်းဖြစ်ပြီး အထူးသဖြင့် မျက်စိအရောင်ခွဲခြားနိုင်မှုမရှိခြင်းနှင့် ကိုယ်လက်အင်္ဂါချို့ယွင်းချက် တစ်ခုခုရှိနေခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အခြေအနေမျိုးတို့သည် စာမေးပွဲအောင်မြင်ခွင့်ရရှိမည်မဟုတ်ပါ။

၂၀၂၄ ခုနှစ်တွင်ကျင်းပမည့် သတ္တမအကြိမ်မြောက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်ဖြင့် ၁၆ ကြိမ်မြောက် ကိုရီးယားဘာသာအရည်အချင်းစစ် စာမေးပွဲတွင် မြန်မာနိုင်ငံမှ လုပ်သားများအား ကိုရီးယားသမ္မတနိုင်ငံရှိ **ဝန်ဆောင်မှုလုပ်ငန်း**အတွက် တိုးချဲ့ခေါ်ယူမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအတွက် **ကျား/မ မရွေး** ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။ **ဝန်ဆောင်မှုလုပ်ငန်းအတွက် ဝင်ရောက်ဖြေဆိုမည့် အမျိုးသမီးများသည် ပညာအရည်အချင်း အနည်းဆုံး အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရပါမည်။**

**ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့အတွက်** ကိုရီးယားဘာသာ အရည်အချင်းစစ်ဆေးခြင်း(EPS–TOPIK)နှင့် အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test)တို့ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည် –

၁။ **ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းအမျိုးအစား | | | |
|---|---|---|---|---|---|
| | | ဝန်ဆောင်မှု | ကုန်ထုတ် | စိုက်ပျိုးရေးနှင့် မွေးမြူရေး | ဆောက်လုပ်ရေး |
| (က) | **ပထမအဆင့်** online စနစ်ဖြင့် စာမေးပွဲလျှောက်လွှာ တင်သွင်းခြင်း၊ | ၄.၃.၂၀၂၄ မှ ၁၀.၃.၂၀၂၄ ထိ | | | |
| (ခ) | စာမေးပွဲကျင်းပမည့် နေ့ရက် နှင့် အချိန် ကြေညာခြင်း၊ | ၁၇.၄.၂၀၂၄ | | | |
| (ဂ) | ကိုရီးယားဘာသာ အရည်အချင်း စစ်ဆေးခြင်း (EPS–TOPIK) | ၂၄.၄.၂၀၂၄ မှ ၁၀.၅.၂၀၂၄ ထိ | | ၂၀.၅.၂၀၂၄ မှ ၂၆.၇.၂၀၂၄ ထိ | |
| (ဃ) | EPS–TOPIK စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာခြင်း | ၁၇.၅.၂၀၂၄ | | ၅.၈.၂၀၂၄ | |
| (င) | **ဒုတိယအဆင့်** အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း (Skills Test) အတွက် လုပ်ကိုင်နိုင်မှု အရည်အသွေး စစ်ဆေးမှု ခံယူရန်အထောက်အထားများတင်သွင်းခြင်း၊ | ၂၇.၅.၂၀၂၄ မှ ၃၁.၅.၂၀၂၄ ထိ | | ၇.၈.၂၀၂၄ မှ ၁၆.၈.၂၀၂၄ ထိ | |
| (စ) | အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း (Skills Test)အတွက် နေရာ၊ နေ့ရက်နှင့် အချိန် ကြေညာခြင်း | ၄.၆.၂၀၂၄ | | ၂၀.၈.၂၀၂၄ | |
| (ဆ) | အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း (Skills Test)နှင့် လုပ်ကိုင်နိုင်မှု အရည်အသွေး (Job Capacity Assessment) စစ်ဆေးခြင်း | ၁၀.၆.၂၀၂၄ မှ ၁၄.၆.၂၀၂၄ ထိ | | ၂၆.၈.၂၀၂၄ မှ ၁၃.၉.၂၀၂၄ ထိ | |
| (ဇ) | အပြီးသတ်အောင်စာရင်းကြေညာခြင်း | ၂၁.၆.၂၀၂၄ | | ၂၀.၉.၂၀၂၄ | |

မှတ်ချက် (၁) **ဖြေဆိုမည့်သူဦးရေပေါ်မူတည်၍ အထက်ဖော်ပြပါ အချိန်ဇယားပြောင်းလဲနိုင်ပါသည်။** စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာဖြည့်စွက်စဉ် မိမိလျှောက်ထားလိုသည့် အလုပ်အကိုင်အမျိုးအစားတစ်ခုကိုသာ (ဥပမာ**"ကုန်ထုတ်လုပ်ငန်း"**ဟု)ဖော်ပြရမည်ဖြစ်ပြီး ရွေးချယ်ထားပြီးသော လုပ်ငန်းအမျိုးအစားအား သတ်မှတ်စည်းမျဉ်းအရ ပြောင်းလဲခွင့်မရှိပါသဖြင့် ဂရုပြု ဖြည့်စွက်ရပါမည်။

(၂) ဖြေဆိုသူများရရှိသည့် ရမှတ် အများ၊ အနည်းအလိုက် အောင်မြင်မှုဦးရေ သတ်မှတ်ချက်အရ အောင်စာရင်းထုတ်ပြန်၍ အလုပ်လျှောက်လွှာတင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၂။ **လုပ်ငန်းအမျိုးအစားအလိုက် အောင်မြင်မှုဦးရေ(ခန့်မှန်း)**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် | အောင်မြင်သူဦးရေ (ခန့်မှန်း) | |
|---|---|---|---|
| ကုန်ထုတ်လုပ်ငန်း | အမှတ်ပြည့်(၁၀၀)အနက် အမှတ်(၅၅)နှင့်အထက် | | ၉,၆၁၇ |
| စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့်(၉၀)အနက် အမှတ်(၃၆)နှင့်အထက် ရရှိသူများအား အမှတ်အများ၊ အနည်းအလိုက် | | ၂၃၃ |
| ဆောက်လုပ်ရေးလုပ်ငန်း၊ | | | ၁၈၂ |
| ဝန်ဆောင်မှုလုပ်ငန်း | | အုပ်စု(၁) | ၇၀ |
| | | အုပ်စု(၂) | ၃၃၀၆ |

၃။ **ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်း (EPS–TOPIK) အောင်မြင်သူများအား အခြေခံကျွမ်းကျင်မှု (Skills Test) နှင့် လုပ်ကိုင်နိုင်မှု အရည်အသွေး (Job Capacity Assessment) စစ်ဆေးခြင်း**

ပထမအဆင့် ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်း (EPS–TOPIK)အောင်မြင်သူများအားလုံးသည် ဒုတိယအဆင့်အနေဖြင့် အခြေခံကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း (Skills Test) ခံယူရမည်ဖြစ်ပြီး ဖြေဆိုသူများရရှိသည့် စုစုပေါင်းရမှတ် အများအနည်းအလိုက် အောင်မြင်မှုနှုန်းသတ်မှတ်ချက်အရ အပြီးသတ် အောင်စာရင်းထုတ်ပြန်မည်ဖြစ်သည်။ (အခြေခံကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်းစာမေးပွဲ လျှောက်ထားဖြေဆိုခြင်းမရှိသူများ အပြီးသတ်အောင်စာရင်းတွင် ပါဝင်မည်မဟုတ်ပါ။) အခြေခံကျွမ်းကျင်မှု စမ်းသပ်စစ်ဆေးခံရန် လျှောက်လွှာတင်သွင်းရာတွင် လျှောက်ထားသည့်လုပ်ငန်းနှင့် သက်ဆိုင်သော နိုင်ငံအဆင့်ကျွမ်းကျင်မှုလက်မှတ်၊ အသက်မွေးဝမ်းကျောင်း သင်တန်းအောင်လက်မှတ်နှင့် လုပ်ငန်းအတွေ့အကြုံ (တစ်နှစ်နှင့်အထက်) ရှိသူများသည် သက်ဆိုင်ရာ အထောက်အထားများ ပူးတွဲတင်ပြရန်ဖြစ်သည်။ ထိုသူများအတွက် လုပ်ကိုင်နိုင်မှုအရည်အသွေး (Job Capacity Assessment) စစ်ဆေးမှုပြုလုပ်မည်။ သင်တန်းအောင်လက်မှတ်နှင့် လုပ်ငန်းအတွေ့အကြုံမရှိပါက ပူးတွဲတင်ပြရန်မလိုပါ။ သင်တန်းအောင်လက်မှတ် လုပ်ငန်းအတွေ့အကြုံ အထောက်အထားများကို သတ်မှတ်ကြေညာပေးမည့် ပုံစံအတိုင်း ပြုစုတင်ပြရမည်။ ထိုသို့တင်ပြရန် အသေးစိတ်အချက်အလက်များကို စာမေးပွဲ အောင်စာရင်းကြေညာသည့်နေ့တို့တွင် ထပ်မံ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

၄။ **အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်အတွက် လုပ်ငန်းအမျိုးအစားအလိုက် အမှတ်ပေးစည်းမျဉ်း**

| လုပ်ငန်း အမျိုးအစား | ပေးမှတ် စုစုပေါင်း | EPS–TOPIK | ကျွမ်းကျင်မှု စစ်ဆေးခြင်း | လျှောက်ထားသည့် လုပ်ငန်းလုပ်ကိုင်နိုင်မှု အကဲဖြတ်အမှတ် | | | |
|---|---|---|---|---|---|---|---|
| | | | | ပေါင်း | လုပ်ငန်း အတွေ့ အကြုံ | အသက် မွေးဝမ်း ကျောင်း သင်တန်း | နိုင်ငံအဆင့် ကျွမ်းကျင်မှု လက်မှတ် |
| ကုန်ထုတ် | ၂၀၀ | ၁၀၀ မှတ် | ၁၀၀ မှတ် | ၅ | ၃ မှတ် | ၁ မှတ် | ၁ မှတ် |
| ဆောက်လုပ်ရေး | ၂၀၀ | ၉၀ မှတ် | ၁၁၀ မှတ် | ၅ | ၃ မှတ် | ၁ မှတ် | ၁ မှတ် |
| စိုက်ပျိုးရေးနှင့် မွေးမြူရေး | ၂၀၀ | ၉၀ မှတ် | ၁၁၀ မှတ် | ၅ | ၃ မှတ် | ၁ မှတ် | ၁ မှတ် |
| ဝန်ဆောင်မှု | ၂၀၀ | ၉၀ မှတ် | ၁၁၀ မှတ် | ၅ | ၃ မှတ် | ၁ မှတ် | ၁ မှတ် |

၅။ **သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း၊
(၁၉၈၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့မှ ၂၀၀၆ ခုနှစ် မတ်လ ၄ ရက်နေ့အတွင်း မွေးဖွားသူ)
(ခ) ထောင်ဒဏ်ကျခံဖူးခြင်းမရှိသူ/ မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန်တားမြစ်ခြင်းမခံရသူ၊
(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ ပြန်ပို့ခြင်းမခံရသူ၊ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်း မရှိသူဖြစ်ရမည်)
(ဃ) E–9, E–10 ဗီဇာဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် ၅ နှစ်နှင့်အထက် နေထိုင်ခဲ့သူများ စာမေးပွဲဖြေဆိုခွင့် မရှိပါ၊
(င) ကျန်းမာရေးကောင်းမွန်သူ၊ အရောင်များ ကောင်းစွာခွဲခြား သိမြင်နိုင်စွမ်းရှိသူ (Colour Blind မဟုတ်သူ)။
(ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၆။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

– စာမေးပွဲလျှောက်လွှာတင်သွင်းခြင်းကို online စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ စာမေးပွဲ လျှောက်လွှာ တင်သွင်းနိုင်ရန် link (သို့မဟုတ်) QR Code ကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ Facebook “POEA–EPS”၊ အလုပ်သမားဝန်ကြီးဌာန website “https:// www. mol.gov.mm နှင့် “Safe Migration” facebook တို့တွင် ရယူနိုင်မည်ဖြစ်ပြီး လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(၁) နိုင်ငံကူးလက်မှတ်(scanned passport)အား ပူးတွဲတင်ပြရာတွင် file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး scanned passport အတွက် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –
(ကက) File size – 100kb (or) smaller
(ခခ) Resolution – 600 Pixels.
(ဂဂ) File type – JPG.

(၂) ဓာတ်ပုံပူးတွဲတင်ပြရာတွင်(၆)လအတွင်း ရိုက်ထားသည့် ဓာတ်ပုံဖြစ်ရမည်ဖြစ်ပြီး passport စာအုပ်ပါ ဓာတ်ပုံနှင့် ကွဲလွဲမှုရှိပါက စာမေးပွဲဖြေဆိုခွင့်ရရှိမည်မဟုတ်ပါ။ ပူးတွဲဓာတ်ပုံ၏ file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး ပူးတွဲဓာတ်ပုံ၏ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –
(ကက) File size – Under 15 kb (3.5 x 4.5 cm)
(ခခ) Resolution – 100–300 Pixels.
(ဂဂ) File type – JPG.
(ဃဃ) ဓာတ်ပုံနောက်ခံအရောင် – အဖြူရောင်

(၃) **စာမေးပွဲဖြေဆိုမည့်သူများ online စနစ်ဖြင့် လျှောက်လွှာတင်သွင်းရာတွင် နိုင်ငံကူးလက်မှတ် အမျိုးအစား (PV / PJ/ ….) နှင့် သက်တမ်း ကန့်သတ်ခြင်းမရှိဘဲ လျှောက်လွှာ တင်သွင်းနိုင်ပါသည်။ သို့ရာတွင် အောင်စာရင်းထွက်ပြီး အလုပ်လျှောက်လွှာတင်သွင်းရာတွင် နိုင်ငံကူးလက်မှတ်အမျိုးအစား Passport for Job (PJ) ဖြင့်သာ လျှောက်လွှာ လက်ခံမည်ဖြစ်ပါသည်။**

(၄) online စနစ်ဖြင့် စာမေးပွဲလျှောက်လွှာတင်သွင်းရမည့် နည်းလမ်းအသေးစိတ်ကို အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီ၏ facebook POEA–EPS၊ ဝန်ကြီးဌာန၏ website https//www.mol.gov.mm နှင့် “Safe Migration” facebook တို့တွင် ထပ်မံကြေညာမည်ဖြစ်ပါသည်။

၇။ **စာမေးပွဲမှတ်ပုံတင်ကြေးပေးသွင်းခြင်း**

(က) online မှ စာမေးပွဲလျှောက်လွှာ တင်သွင်းမှု အောင်မြင်သူသည် မိမိတို့လက်ကိုင်ဖုန်းသို့ လျှောက်လွှာ နံပါတ်ပြန်လည်လက်ခံရရှိမည်ဖြစ်ပါသည်၊
(ခ) လျှောက်လွှာနံပါတ်အလိုက် စာမေးပွဲမှတ်ပုံတင်ကြေးပေးသွင်းရမည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ facebook POEA–EPS ၊ ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန၏ website https// www. mol.gov.mm တို့တွင် ထပ်မံ အသိပေး ကြေညာမည်ဖြစ်ပါသည်၊
(ဂ) စာမေးပွဲမှတ်ပုံတင်ကြေး အမေရိကန်ဒေါ်လာ ၂၈ ဖြစ်ပါသည် (မြန်မာကျပ်ငွေဖြင့်လည်း ပေးသွင်းနိုင်ပါသည်) –
– လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲ မှတ်ပုံတင်ကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၈။ **စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာမည့်နည်းလမ်း**

(က) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ facebook POEA–EPS၊
(ခ) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ (EPS–TOPIK)နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ http//www.eps.go.kr, http//epstopik.hrdkorea.or.kr ၊
(ဂ) စာမေးပွဲသက်တမ်းသည် ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်းနှင့် အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း စာမေးပွဲကျင်းပပြီး အောင်စာရင်းထုတ်ပြန်ကြေညာသည့်နေ့မှ (၂)နှစ်တာကာလ။
(ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်း ၂၁–၆–၂၀၂၄ မှ ၂၀–၆–**၂၀၂၆** ထိ၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ၂၀–၉–၂၀၂၄ မှ ၁၉–၉–၂၀၂၆ ထိ)

၉။ **EPS–TOPIK စာမေးပွဲ မေးခွန်းပုံစံနှင့်အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်း အရေ အတွက် | ပေးမှတ်ပေါင်း | | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|---|
| | | ကုန်ထုတ် လုပ်ငန်း | ဆောက်လုပ်ရေး/ စိုက်ပျိုးရေးနှင့် မွေးမြူရေး/ ဝန်ဆောင်မှုလုပ်ငန်း | | |
| အဖတ်စွမ်းရည် (Reading) | ၂၀ ပုဒ် | ၁၀၀ | ၉၀ | ၂၅ မိနစ် | အကြားစွမ်းရည်နှင့် အဖတ်စွမ်းရည်စာမေးပွဲအား နားချိန်မထားဘဲ ဆက်တိုက်ဖြေဆိုရမည် |
| အကြားစွမ်းရည် (Listening) | ၂၀ ပုဒ် | | | ၂၅ မိနစ် | |
| **စုစုပေါင်း** | **၄၀ ပုဒ်** | **၁၀၀** | **၉၀** | **၅၀ မိနစ်** | |

**မေးခွန်းပုံစံ – Multiple–Choice question**

၁၀။ **စာမေးပွဲဖြေဆိုရမည့်အချိန် (Ubiquitous Based Test –UBT)**

| ဖြေဆိုရမည့် အချိန် | ရှင်းလင်းဆွေးနွေးချိန် | စာမေးပွဲဖြေဆိုချိန် | |
|---|---|---|---|
| | | အဖတ်စွမ်းရည် (၂၅မိနစ်) | အကြားစွမ်းရည်(၂၅မိနစ်) |
| ပထမအချိန် | ၀၉:၀၀ – ၀၉:၃၀ | ၀၉:၃၀ – ၀၉:၅၅ | ၀၉:၅၅ – ၁၀:၂၀ |
| ဒုတိယအချိန် | ၁၀:၃၀ – ၁၁:၀၀ | ၁၁:၀၀ – ၁၁:၂၅ | ၁၁:၂၅ – ၁၁:၅၀ |
| တတိယအချိန် | ၁၃:၀၀ – ၁၃:၃၀ | ၁၃:၃၀ – ၁၃:၅၅ | ၁၃:၅၅ – ၁၄:၂၀ |
| စတုတ္ထအချိန် | ၁၄:၃၀ – ၁၅:၀၀ | ၁၅:၀၀ – ၁၅:၂၅ | ၁၅:၂၅ – ၁၅:၅၀ |

စာမျက်နှာ ၂၅ သို့ ■

■ စာမျက်နှာ ၂၄ မှ

၁၁။ **အခြေခံကျွမ်းကျင်မှု (Skills Test) အမှတ်ပေးစည်းမျဉ်း**

| လုပ်ငန်း အမျိုးအစား | ပေးမှတ် ပေါင်း | ကျွမ်းကျင်မှုစစ်ဆေးခြင်း | | |
|---|---|---|---|---|
| | | ကိုယ်ကာယ ကြံ့ခိုင်မှု | လူတွေ့ စစ်ဆေးခြင်း | အခြေခံ ကျွမ်းကျင်မှု |
| ကုန်ထုတ်လုပ်ငန်း | ၁၀၀ မှတ် | ၃၀ မှတ် | ၃၀ မှတ် | ၄၀ မှတ် |
| ဆောက်လုပ်ရေးလုပ်ငန်း | ၁၁၀ မှတ် | ၃၀ မှတ် | ၃၀ မှတ် | ၅၀ မှတ် |
| စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း | ၁၁၀ မှတ် | ၃၀ မှတ် | ၃၀ မှတ် | ၅၀ မှတ် |
| ဝန်ဆောင်မှုလုပ်ငန်း | ၁၁၀ မှတ် | ၃၀ မှတ် | ၃၀ မှတ် | ၅၀ မှတ် |

၁၂။ **စာမေးပွဲဖြေဆိုသည့်နေ့တွင် ဖြေဆိုသူယူဆောင်လာရန် –**

(က) ဖြေဆိုခွင့်ကတ်ပြား

(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သောနိုင်ငံကူးလက်မှတ်)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ် (က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက် ဖြေဆိုခွင့်မရှိပါ။

၁၃။ **သတိပြုရန်အချက်များ**

(က) **အရောင်များအား ခွဲခြားနိုင်စွမ်းမရှိသူ(Colour Blind) ဖြစ်ခဲ့ပါက EPS–TOPIK စာမေးပွဲ အောင်မြင်သော်လည်း ကျွမ်းကျင်မှုစစ်ဆေးခြင်း(Skills Test) စာမေးပွဲသို့ဖြေဆိုခွင့်မရနိုင်ပါ။ သို့ပါ၍ EPS–TOPIK စာမေးပွဲဖြေဆိုလိုသူသည် လျှောက်လွှာမထုတ်ယူမီ မျက်စိအရောင် ခွဲခြားနိုင်ခြင်း ရှိ/မရှိ (Colour Blind ဟုတ်/မဟုတ်) မျက်စိရောဂါ ဆရာဝန်(သို့) ကျွမ်းကျင်သူတို့နှင့် စမ်းသပ်မှုပြုလုပ်ပြီး Colour Blind မဟုတ်ကြောင်းသေချာမှ လျှောက်လွှာတင်သွင်းစေလိုပါသည်။**

(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် လက်ကိုင်ဖုန်းအပါအဝင် အီလက်ထရောနစ်ပစ္စည်း၊ စက်ပစ္စည်းများအား ယူဆောင်လာခွင့်မရှိပါ။ တင်းကြပ်စွာတားမြစ်ပါသည်။ သို့ပါ၍ယူဆောင်အသုံးပြုခဲ့ပါကစည်းကမ်းလိုက်နာရန် ပျက်ကွက်သူအဖြစ် သတ်မှတ်၍ အဖြေလွှာအား ပယ်ဖျက်ခြင်းခံရမည်။

(ဂ) ထိုကဲ့သို့ စာမေးပွဲအတွင်းမမှန်ကန်သည့်အပြုအမူများလုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၄) နှစ်ကြာ ပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။ တည်ဆဲဥပဒေများအရလည်း အရေးယူခံရနိုင်သည်။

(ဃ) **Online ဖြင့် စာမေးပွဲဖြေဆိုခွင့်လျှောက်ထားရာတွင် အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ် အမှတ် စသည့်အချက်များသည် နိုင်ငံကူးလက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့် တူညီရန် လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အပြီးသတ်အောင်စာရင်းတွင်ပါဝင်ခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်ရရှိမည် မဟုတ်ပါ။ လျှောက်ထားသူ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။**

(င) ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း တို့တွင် လျှောက်ထားလိုသူများသည် လုပ်ငန်းသဘာဝအရ အပင်ပန်းခံနိုင်သူများ၊ လုပ်ငန်းရှိရာ နေရာများသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်သူများ ဖြစ်ရပါမည်။

(စ) မိမိရွေးချယ်လျှောက်ထားခဲ့သည့် လုပ်ငန်းအမျိုးအစားမှလွဲ၍ အခြားလုပ်ငန်းအမျိုးအစား တစ်ခုခုသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။

(ဆ) **အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်(Recruitment Point System)အရ ကျင်းပပြုလုပ်သည့် စာမေးပွဲများအား မိမိဆန္ဒအလျောက်သာလျှောက်ထားဖြေဆိုကြပါရန်နှင့် အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့် ရရှိရုံမျှသာဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက် အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့် အာမခံနိုင်ခြင်းမရှိပါ။**

(ဇ) အလုပ်ရှင်နှင့်ချုပ်ဆိုရသော အလုပ်အကိုင်စာချုပ်ပါ နှစ်ကာလအတိုင်း လုပ်ကိုင်နိုင်သူဖြစ်ရပါမည်။

(ဈ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ ယခင်က ကိုရီးယား သမ္မတနိုင်ငံတွင် **တရားမဝင် နေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး** ထပ်မံ၍ လိမ်ညာလျှောက်ထားခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင် ရောက်ရှိပြီးနောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်း မဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်ဆက်လက်နေထိုင်လုပ်ကိုင် ခြင်းများ တိုးပွားလာရာ နှစ်နိုင်ငံ အလုပ်သမားပေးပို့ခြင်းဆိုင်ရာသဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ် တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁,၅၀၀,၀၀၀/– (ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ သတ်မှတ်ငွေစာရင်းအမှတ်သို့ ပေးသွင်း၍ ကျပ်သိန်း(၃၀) တန် စာချုပ်ချုပ်ဆိုဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူ လက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေ ဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန် ကျပ်(၁၅)သိန်းကို အာမခံထားသူ(၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

- ❖ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင် မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယား သမ္မတနိုင်ငံမှ လုပ်သားခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။
- ❖ ထို့ပြင် ကျန်းမာရေးစစ်ဆေးမှု မအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိခြင်း အစရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ခွင့်ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ်ရွေးချယ်ခြင်း မခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

- ❖ EPS စနစ်ဖြင့် လုပ်သားစေလွှတ်ခြင်းကို ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန (MOEL)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုတည်းသာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးရန် တရားဝင်လုပ်ပိုင်ခွင့်ရရှိထားပါသည်။
- ❖ အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမှုစနစ်အရပြုလုပ်သည့် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲနှင့် အခြေခံ ကျွမ်းကျင်မှုစာမေးပွဲဖြေဆိုအောင်မြင်သူများထဲမှ အောင်စာရင်းတွင် ပါရှိသူများသည် အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှ သတ်မှတ်ကြေညာမည့်နေ့ရက်များအလိုက် အလုပ်လျှောက်လွှာတင်သွင်းကြရန်ဖြစ်ပါသည်။ ထိုသို့ အလုပ်လျှောက်လွှာတင်သွင်းခဲ့သူများထဲမှသာ အလုပ်ရှင်မှ ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ပါသည်။
- ❖ EPS စနစ်အရ အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အနေဖြင့် ပါဝင်ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

- ❖ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ မှတ်ပုံတင်ကြေးပေးသွင်း၍ စာမေးပွဲဖြေဆိုအောင်မြင်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံသို့ ရောက်ရှိသည်အထိ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီသို့ တရားဝင်သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့်ပတ်သက်ပြီး အမြန်ဆုံးထွက်ခွာသွားရောက်နိုင်ရန် ဆက်သွယ်ပေးမည်ဟု တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုမှဖြစ်စေ ယုံကြည်လောက်အောင် ပြောဆိုလျက် ငွေကြေးတောင်းဆိုမှုများ၊ ဆုံးရှုံးနစ်နာမှုများ မခံရစေရန် အထူးသတိပြုစေလိုပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –(၂၇/အေ၁)၊ မြေကွက်အမှတ်–(၃၄ဂျေ၊ ၃၂/အက်ဖ်၊ ၃–၃၊ ၃၂အက်ဖ်/၃–၂၊ ၃၂ အက်ဖ်/၃–၄) ဟုခေါ်တွင်သော ဂရန်ရှိမြေပိုင်မြေကွက် (၁) ကွက်၊ မြေကွက်အမှတ် –(၃၄အိုင်/၂) ဟုခေါ်တွင်သော ဂရန်ရှိမြေပိုင်မြေကွက် (၁) ကွက် နှင့် မြေကွက် အမှတ် (၅အေ+ ၃၄အိုင်/၂အေ ) ဟုခေါ်တွင်သော နှစ် (၆၀) ဂရန်မြေကွက် (၁) ကွက်တို့အနက်မှ တရားဝင်ခွဲစိတ်လျက်ရှိပြီး ရှမ်းရိပ်သာလမ်းနှင့် ထိစပ်နေသော (A) အမှတ်အသားပြ၊ မြေအကျယ်အဝန်း (၄၃၅၂) စတုရန်းပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ၃ထပ်တိုက်အဆောက်အဦအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တင်ပြဝန်ခံသူ ဦးအောင်မြင့်၊ ဦးသံဒိုင် နှင့် ဦးမင်းသူရတို့က ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်၊ ၃ထပ်တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၀၀၃၉၂၁၀၊ ၀၉–၅၀၃၄၆၅၂**

## "အမှားပြင်ဆင်ခြင်း"

၁ –၂–၂၀၂၄ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၁၉ )ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၃၃၄) ရှိ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ (ဒုတိယထပ်) ဝဲဘက်ခြမ်း၊ လူနေတိုက်ခန်းနှင့် ပတ်သက်၍ "အများသိစေရန် ကန့်ကွက်နိုင်ကြောင်း" ကြေညာချက်၌ လူနေတိုက်ခန်း၏တည်နေရာကို ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁) ရပ်ကွက်ဟု ဖော်ပြထားရာ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိ ရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၉၆၈၈)**
**အမှတ် (၂၃၅)၊ အောင်သိဒ္ဓိလမ်းနှင့် စံပြ(၃)လမ်းထောင့်၊ ယမုံနာ (၂) ရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph : 09–260025950**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျွန်းစိမ်းမင်းအိမ်ရာအပိုင်း (၂)၊ တိုက်အမှတ် (၂၆)၊ အခန်းအမှတ် (၂၀၄) တိုက်ခန်းနှင့်တကွအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ကျော်မိုး (၉/မခန (နိုင်) ၀၀၁၆၁၂)အမည်ဖြင့် ဝယ်ယူခွင့်ရရှိထားပြီး၊ ၎င်းမှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်သဲနှစ်** (LL.B., D.BL., D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၅၅၆၉)
အမှတ် (၇၀/ခ)၊ ၂–လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း – ၀၉ ၄၀၁၆၂၀၈၀၆၊ ၀၉ ၇၉၉၂၆၀၉၇၃

## အများသိစေရန် ကြေညာခြင်း

ဒေါ်သက်မာလာ၊ ၃၉ နှစ်၊ (ဘ)ဦးဘတင်[၁၂/မဂတ(နိုင်)၀၉၇ ၅၅၄]ကိုင်ဆောင်သူသည် အမှတ်(၃၈၁)၊ မြို့မ(၉)လမ်း၊ (၄) တောင်ရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်မှ ၃–၂–၂၀၂၄ ရက်နေ့မှစ၍ ထွက်ခွာသွားရာမှ နေအိမ်သို့ပြန်လည်မရောက်ရှိလာသဖြင့် လိုက်လံရှာဖွေသော်လည်း မတွေ့ရှိသဖြင့် သာကေတမြို့မရဲစခန်းအား အကြောင်းကြားထားပြီး ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား ခင်ပွန်းဖြစ်သူ ဦးလွှမ်းမိုးဇော်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် တွေ့ရှိပါက အကြောင်းကြားပေးနိုင်ပါရန် ကြော်ငြာအပ်ပါသည်။

**ဦးလွှမ်းမိုးဇော်**
**[၁၂/သကတ(နိုင်)၂၂၉၅၀၀]**
**ဖုန်း–၀၉–၆၅၁၇၄၂၈၈၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၅၀ ရပ်ကွက်၊ ဒူးယား (၄) လမ်း၊ အမှတ် (၃၇၆) တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် **ချောစုကိုရီးယားဆွဲသား လက်လီ/လက်ကား အထည်ရောင်းဝယ်ရေးလုပ်ငန်းရှင်**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် **ချောစုကိုရီးယားဆွဲသား လက်လီ/လက်ကား**အမည်ဖြင့် ပြည်တွင်းဖြစ် (အမျိုးသမီးဝတ်) အထည်အမျိုးမျိုးကို အရောင်းဆိုင် ဖွင့်လှစ်၍လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာဖြစ်သော Facebook Page, Tik Tok များမှတစ်ဆင့် မြန်မာနိုင်ငံအနှံ့အပြားရှိ မိမိ၏ဖောက်သည်များထံသို့ ကောင်းသောဂုဏ်သတင်းဖြင့် ကိုယ်တိုင်ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေသည် အွန်လိုင်းမှရောင်းချသည့်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ E–Commerce Registration (Online Sales Registration) စနစ်တွင် ချောစုကိုရီးယားဆွဲသား လက်လီ/ လက်ကား အထည်ရောင်းဝယ်ရေးလုပ်ငန်းကို ဥပဒေအရ တရားဝင်မှတ်ပုံတင်ထားသူ ဖြစ်ပါသည်။

သို့ပါ၍ မည်သူမဆို **အင်တာနက်ကွန်ရက်ကို အသုံးပြု**၍ ကျွန်ုပ်မိတ်ဆွေ၏ ချောစု ကိုရီးယားဆွဲသား လက်လီ / လက်ကား အထည်ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ လည်းကောင်း၊ ဝန်ထမ်းများနှင့်ပတ်သက်၍လည်းကောင်း မိမိ၏ဖောက်သည်များနှင့် အများပြည်သူသို့ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်လျက် ဂုဏ်သိက္ခာထိခိုက် ညှိုးနွမ်းစေသော မဟုတ်မမှန်ရေးသားပြောဆိုခြင်းများကို မပြုလုပ်ရန် လေးနက်စွာဖြင့် တားမြစ်အပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိသူ မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖူးဝေမင်း (စဉ်–၁၃၅၃၀)** | **ဒေါ်ဖြိုးလဲ့လဲ့ခိုင် (စဉ်–၅၃၉၈၂)**
**တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ**
**တိုက်–၂၁/၁(မလိခအိမ်ရာ)၊ ရတနာလမ်း၊ ဘဝမြင့်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်။ ဖုန်း– ၀၉–၄၂၀၉၃၉၅၇၄**

## အမှတ်(၃)ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး(ရန်ကုန်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုရန်ပုံငွေဖြင့် အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှုအောက် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)တွင် ၂၀၂၄– ၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မူလအသုံးစရိတ်ဖြင့် ဆောင်ရွက်လိုသည့် အမြင့်(၇)ပေရှိ သံဆူးကြိုး/အုတ်တံတိုင်းကာရံခြင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် စိတ်ပါဝင်စားသူ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) တင်ဒါပုံစံရောင်းချမည့် နေရာ – အမှတ်(၃)ရေကြောင်းရဲကွပ်ကဲမှု အဖွဲ့ခွဲမှူးရုံး၊ ပြည်ထဲရေးရုံး (ဟောင်း)၊ ဆရာစံလမ်းနှင့်စက်မှု(၁)လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

(ခ) တင်ဒါပုံစံရောင်းချမည့် နေ့ရက် – ၇–၂–၂၀၂၄ ရက်

(ဂ) တင်ဒါပုံစံပိတ်မည့်ရက် – ၂၁–၂–၂၀၂၄ရက် (၁၆:၀၀)နာရီ

(ဃ) တင်ဒါပုံစံတင်သွင်းရမည့်ရက် – ၂၂–၂–၂၀၂၄ရက် (၁၆:၀၀)နာရီ

၂။ အထက်ဖော်ပြပါ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအား စိတ်ပါဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ်–၀၁–၉၅၅၅၆၈၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ နောက်လယ်ရပ်ကွက်၊ ဦးပိုင်အမှတ်– ၄၂/၁၀၄၊ အကွက်အမှတ်–၂၆ (က) ဟုခေါ်တွင်သော ဧရိယာ (၀.၀၃၄) ဧကအကျယ်ရှိ ဘိုးဘွား ပိုင်မြေအမျိုးအစားမြေသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အင်ကြူ [၁၂/ဗဟန (နိုင်) ၀၀၆ ၄၄၉]က တရားဝင်အမည်ပေါက်ပိုင်ဆိုင်သည့်မြေဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ ဒေါ်အင်ကြူအမည်ပေါက် ပိုင်ဆိုင်သည့် အဆိုပါမြေအား ၎င်း၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦး တစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဝင်းထွဋ်**
**အထက်တန်းရှေ့နေ (စဉ်–၂၄၉၀၈)**
**အမှတ် (၁၁)၊ ကြေးပန်းတိမ်တန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၂၀၁၀၅၈**

## " ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက် "

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ) ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်း လမ်း၊ အမှတ် – ၂၈၊ (မြေညီထပ် – ခေါင်းရင်းခန်း) (တိုက်အရှေ့မှ မျက်နှာမူလျှင် လက်ယာဘက် အစွန်ဆုံးမြေညီတိုက်ခန်း)ဟု ခေါ်တွင်သော (၁၅ ပေ × ၁၀၀ ပေ) အကျယ်အဝန်းရှိ လူနေတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူဟု အဆိုရှိသူ ဒေါ်ခင်မာဦး (၁၂/ရကန(နိုင်)၀၅၉၉၆၀)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၂၇.၂.၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးထွန်းအောင် (ငါးသိုင်းချောင်း)
တရားလွှတ်တော်ရှေ့နေ၊ စဉ် – ၈၀၂၉ (၂.၂.၂၀၁၂)
ဖုန်း – ၀၉ – ၅၀၅၄၃၆၆

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၆၈

| | | |
|---|---|---|
| ၁။ ဒေါ်စိုးစိုးမာ<br>၂။ ဦးအောင်ဝင်းနိုင်<br>၃။ ဒေါ်ယုယုမာ<br>၄။ ဦးရန်လင်းထွန်း<br>၅။ ဦးအောင်ထက်လင်း | နှင့် | ၁။ ဦးစိုးခိုင်ထွန်း<br>၂။ ဦးအောင်ဝင်းကြိုင်<br>၃။ ဒေါ်မွေး<br>၄။ ဒေါ်ခင်ခင်ဝင်း |
| (တရားလိုများ) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၁၀)လမ်း၊ အမှတ် ၉၂/က နေ ဦးအောင်ဝင်းကြိုင် (ယခုနေရပ်လိပ်စာ မသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်၊ (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်)နေ့မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သဇင်စိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

ကြေးမုံသတင်းစာ [(၃၊ ဖေဖော်ဝါရီလ ၂၀၂၄) ၏ စာမျက်နှာ ၂၈] တွင် ကြော်ငြာခဲ့သည့် သင်္ဃန်းကျွန်းခရိုင်တရားရုံး လေလံရောင်းချရန် ကြော်ငြာစာတွင် ၂၀၂၂ ခုနှစ်၊ ဇာရီမှုအမှတ် - ၄၉၇ နေရာတွင် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၉၇ဟု လည်းကောင်း၊ ဦးစန်းထွန်းနှင့် ဦးတင်မြင့် နေရာတွင် ဦးစန်းထွန်း (တရားနိုင်)နှင့် ဦးတင်မြင့် (တရားရှုံး)ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မလွကုန်းလမ်း၊ တိုက်အမှတ်(၇၇)၏ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ် တိုက်အဆောက်အဦ၏ ဒုတိယထပ်(၃)လွှာ/အေ(ခေါင်းရင်းခြမ်း)၊ (၁၅ပေ x ၆၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးကို ဦးအောင်ကျော်စိုး[၁၁/စတန(နိုင်)၀၆၀၃၃၆] ကိုင်ဆောင်သူမှ ၎င်းတစ်ဦးတည်းမှ အဆက်စပ် စာချုပ်များဖြင့် တရားဝင် လက်ရောက်ရရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ဒေါ်ရီရီထွေး[၁၂/ဥကတ(နိုင်)၀၃၁၄၇၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်ဝင်း(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၈၉/၂၀၂၀)**
**ရုံးအမှတ်(၃၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၈၈၄၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း(အောက်)၊ အမှတ်-၇၄/၈၆ ဟုခေါ်တွင်သော ၅-ခန်းတွဲ၊ ၈-ထပ်ခွဲတိုက် အဆောက်အဦ၏ မြေညီထပ်(တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်အစွန်ဆုံးတိုက်ခန်း)အခန်း(G-A)(၁၅ပေx၆၀ပေ၊ အမြင့် ၁၄ ပေခန့်ရှိ)တိုက်ခန်း(ရေမီးအစုံ)နှင့် တိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်များကို ဦးသိန်းအောင်[၁၂/ပဘတ(နိုင်)၀၂၆၁၆၀]၊ ဦးဝင်းမောင်[၁၂/မဂတ(နိုင်)၀၈၀၇၅၁]၊ ဦးနေဝင်း[၁၂/ပဘတ(နိုင်)၀၁၇၀၉၄]၊ ဦးဇော်လင်း[၁၂/သဃက(နိုင်)၀၀၂၅၇၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပျောက်စနစ်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ကြေညာချက်ပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံတင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ရောက်ကုန်ဆုံးပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးဝင်း(မအူပင်)B.A,H.G.P,R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၇၈)**
**အမှတ်-၁၆၂၊ ပထမထပ်(ယာ)၊ ၃၅-လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၉၅၁၈**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဖိုးစိန်လမ်း (မျက်နှာစာဘက်ခန်း)၊ Grand Phoe Sein Condo(7A)၊ အမှတ်(၃၆)၊ ဆဋ္ဌမထပ်(၇လွှာ)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၅ပေ၁၀လက်မ x အနံ ၆၈ ပေ)ရှိ မြေကွက်နှင့် ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစားရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဂီသားဒေဝီ(ခ)ဒေါ်မိုးမိုးခိုင် [၁/ဝမန (နိုင်)၀၃၆၈၉၄] ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ဆွေ LL.B,DBL,DIPL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၉)**
**အမှတ်(၂၄၅)၊ လေးထောင့်ကန်လမ်းမကြီး၊ ဇ/မြောက်ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း- ၀၉-၈၈၁၁၈၈၃၈၂၊ ၀၉-၇၇၄၄၃၃၉၅၄**

## မြေနှင့်အဆောက်အဦဝယ်ယူမှုအား ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၃)စက်မှုဇုန်ရပ်ကွက်၊ မြကန်သာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၆၃(စက်မှုဇုန်)၊ မြေကွက်အမှတ်(၅၉၄)၊ အကျယ်အဝန်း (၀.၀၅၉)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေကွက်အမှတ်(၅၉၆)၊ အကျယ်အဝန်း (၀. ၀၆၁)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက် (၂)ကွက်နှင့် မြေပေါ်ရှိ အဆောက်အဦများ အပါအဝင်တို့အား တရားဝင်ဂရန် အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းလွင် [၁၂/လမန(နိုင်)၁၁၁၇၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏အချို့တစ်ဝက်ကို ပေးချေ၍ စရန်ငွေပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်(၂)ကွက်နှင့် မြေပေါ်ရှိ အဆောက်အဦများအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်မျိုးအောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၈၂)**
**အမှတ် (၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၂၈၆၇**

## သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာအရှေ့(၄)လမ်း၊ အမှတ်(၁၆၀) (A-2)ပထမထပ်(မှန်ခန်း)ဟု ခေါ်တွင်သော တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အထက်ပါတိုက်ခန်းကို တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းထွန်းဝင်း [၁၂/သကတ(နိုင်)၀၄၈၉၉၉]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးသတ် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်သန်းသန်းဦး** | **ဦးလှဖေ(ဇလွန်)** |
| **[၁၂/လမတ(နိုင်)၀၂၆၇၁၅]** | **အထက်တန်းရှေ့နေ(စဉ်-၅၈၉၄/၁၉၈၂)** |

**အမှတ်(၁၇)၊ ဒုတိယထပ်(ယာ)၊ ၅၄-လမ်း ပုဇွန်တောင်မြို့နယ်။**
**ဖုန်း - ၀၉-၅၁၂၁၆၆၇**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၂)ရပ်ကွက်၊ အမှတ်(၁၂၂၃)ဟုခေါ်တွင်သော (အလျား၄၀ပေxအနံ၆၀ပေ) အကျယ်ရှိ ရန်ကုန်မြို့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ (ဦးလှရွှေ MAG - ၀၈၅၃၅၁/ [၁၂/ဥကမ(နိုင်)၀၉၇၂၄၈]အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဝင်းဝင်းမော် [၁၄/ပသန(နိုင်)၁၄၉၀၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြာပွံ့ပွံ့အောင် [၁၂/စခန(နိုင်)၀၆၈၇၀၆]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း**
**LL.B,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ ၄-လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊**
**ဖုန်း - ၀၉-၄၂၀၀၃၁၃၅၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ ရေကြည်ကန်-၂ အောင်မြန်မာလမ်းထောင့်၊ ကွင်းအမှတ်(၆၇၂/အေ)၊ ကျောင်းကုန်းမြောက်ကွင်း၊ ဦးပိုင်အမှတ်-၄၀/၂၊ ဒေါ်ခင်သီတာလွင်ပြေစာအမည်ပေါက်၊ ဧရိယာ (၂. ၁၅)ဧကအား အကွက်ရိုက်ကာ၊ မြေကွက်အမှတ် (၁၀)၊ မြေဧရိယာ(၄၀x၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး နောက်ဆုံးပိုင်ရှင်ဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းကတိပြုပြောဆိုသူ ဒေါ်စနေမ(ဘ)ဦးမောင်ခင် [၁၂/သလန(နိုင်)၀၇၄၃၉၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ စာရွက်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ သမိုင်း(၂)လမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သော တစ်ခန်းတည်း(၃)ထပ် တိုက်အဆောက်အဦ၏ ပထမထပ်၊ ဧရိယာ (၁၆ပေx၄၅ပေ) အကျယ်အဝန်းရှိ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်ခေါင်းစဉ်တွင်ဖော်ပြထားသည့် တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးထွန်းမြင့်ဦး [၁၂/ပဇတ(နိုင်)၀၃၂၄၇၁]မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဇင်ဦး [၁၂/တမန(နိုင်)၁၂၁၈၅၀]ကလည်း ဝယ်ယူရန်အတွက် ယင်းတိုက်ခန်းတန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန် ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းတိုက်ခန်းအရောင်းအဝယ်အတွက် ကန့်ကွက်လိုသူရှိပါကကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်အတူ ဤသတင်းစာ ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သန်းထိုက်LL.B, DBL.DIL, DML, DIPL,**
**DL 101,WIPO(Switzerland)**
**(တရားလွှတ်တော်ရှေ့နေ/စဉ် - ၁၃၆၈၅)**
**အမှတ်(၁၂/အေ)၊ မာလာမြိုင်(၁)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၀၀၇၈၀၊ ၀၉-၇၈၉၁၂၇၇၅၉**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၄)၊ မြေကွက်အမှတ်-(၂၅/ဘီ)၊ အဆောက်အအုံအမှတ်-၇၃၊ မြေကွက်ပေါ်တွင်တည်ဆောက်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၇၃-အေ/ဘီ)ဟု ခေါ်တွင်သော (၄)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ်၊ အခန်းအမှတ် (၅/အေ)၊ (၁၀၂၃)စတုရန်းပေအကျယ်ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုအပိုင်ရောင်းချသူဖြစ်သော ဦးဟန်ထွန်း (၁၂/လမန(နိုင်)၀၆၉၆၀၄)ကိုယ်တိုင်မှ (၈-၆-၂၀၁၀)ရက်စွဲပါ "တိုက်ခန်းအရောင်းအဝယ်နှစ်ဦးသဘောတူကတိစာချုပ်"အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အလို့ငှာ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ် အေးသန့်ဇင် (LL.B, LL.M)** | **ဦးအောင်မျိုးခိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၄၆) (၂၁-၁၁-၂၀၁၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၃၆)(၂၉-၆-၂၀၁၈) |

အမှတ်(၁၉)၊ ပထမထပ်၊ ဂန္ဓမာလမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၉၀၀၁၄

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၅၄/၁၊ ဦးပိုင်အမှတ်(၁-က)၊ ၅၃x၃၈ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါက်တာထွန်းမောင်၏ (S.P ရရှိသူ ဒေါ်ဝှရှောက်လန်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၂၃၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝမ်ဖိန်ကျွမ်း[၁၃/ကကန(နိုင်)၀၀၀၄၁၇]က အမှုတွဲအမှတ်-၇၀၄၁/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၅၈(၁)၊ ဦးပိုင်အမှတ်(၃)၊ ၃၇လမ်း၊ ၅၉x၆၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရင်မေ(ခ) ဝေယံမြင့်သူ[၁၃/နခန(နိုင်)၀၆၀၉၂၃]၊ ဦးအားချိုက်[၁၃/နခန(နိုင်)၀၅၅၂၀၃]တို့က အမှုတွဲအမှတ်-၇၀၄၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၁)ရပ်ကွက်၊ မြေကွက်အမှတ်(၃၂၉)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေရှိ ဦးစောထွန်းရင်(TTN-၁၅၀၀၃၉)အမည်ပေါက် မြေချပါမစ် မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးလွှမ်းမိုးဝင်း[၉/မခန(နိုင်)၁၇၃၉၁၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့် ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)တိုးချဲ့၊ မြို့သစ်(၃)လမ်း၊ မြေကွက်အမှတ်(၁၃၇)၏ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်အမျိုးအစားဖြစ်ပြီး ၎င်းတိုက်၏ (၅)လွှာ၊ (ခြေရင်း)ခြမ်း၊ အကျယ်အဝန်း(၁၁ ½ x ၄၈)ပေရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဖြိုးဝေထိုက်[၁၂/မဂဒ(နိုင်)၁၂၇၉၈၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(LL.B,D.I.L)** | **ဒေါ်ခင်အေးသန်း(LL.B,D.B.L,** |
| **(စဉ်-၁၁၄၆၂)** | **D.I.L,WIPO switzerland)** |
| | **(စဉ်-၉၁၁၉)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ် ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## "သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်၊ ဝိဇ္ဇာညီနောင်လမ်း၊ အပိုင်း(၃)နေ အိမ်အမှတ်(၁၄၄၆-ခ) အဖဦးတင်ဌေး [၁၂/တတန(နိုင်)၀၉၈၈၉၉]၊ အမိဒေါ်စန်းအေး [၁၂/တတန(နိုင်)၀၉၈၉၀၀]၏ သားဖြစ်သူ မောင်တင်ဇော်လင်း [၁၂/လသယ(နိုင်)၀၄၁၉၅၄[သည် ဖခင်၊ မိခင်၏ ပြောဆိုမှုများမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် နောက်နောင်တွင် ရာသက်ပန်သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်တင်ဇော်လင်းနှင့် ပတ်သက်ဆက်နွယ်သော အကြောင်းအရာများအားလုံးအခြားမည်သည့်ကိစ္စကိုမှ တာဝန်မယူတော့ပါကြောင်း မောင်တင်ဇော်လင်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးတင်ဌေး[၁၂/တတန(နိုင်)၀၉၈၈၉၉]၊**
**ဒေါ်စန်းအေး [၁၂/တတန(နိုင်)၀၉၈၉၀၀]၊**
**အမှတ်(၂၀)ရပ်ကွက်၊ ဝိဇ္ဇာညီနောင်လမ်း၊ အပိုင်း(၃)၊ လှိုင်သာယာမြို့နယ်။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ပန်းခြံလမ်း၊ အမှတ် (၁)ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ ၊ (၈) ထပ်တိုက်၏ မြေညီထပ်၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၄ x ၄၈) ပေခန့်ရှိ တိုက်ခန်းတစ်ခန်းနှင့်ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိ တရားဝင်ပိုင်ရှင်ဖြစ်သူ ဦးကျော်ကျော်အောင် [၆/မအရ(နိုင်)၀၉၉၅၀၃]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း ၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း ၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ် လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက် အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေး ကို မြှင့်တင်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ဒီဇယ်စက်ခေါင်း ပြင် စက်ရုံ(မလွကုန်း)စက်ရုံအစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## ချယ်လ်ဆီးအသင်း အိမ်ရှင် ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ

ခရစ္စတယ်ပဲလေ့စ် အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ဖေဖော်ဝါရီ ၁၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၄)မှာ အိမ်ရှင် ခရစ္စတယ်ပဲလေ့စ်အသင်းကို ဦးဆောင်ဂိုး ခွင့်ပြုပေးခဲ့ရပေမယ့် ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရတဲ့ ချယ်လ်ဆီး အသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ် အသင်းက ပထမပိုင်းပွဲကစားချိန် မိနစ် ၃၀ မှာ လာမာရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပြီး ချယ်လ်ဆီး အသင်းကတော့ ဒုတိယပိုင်းပွဲကစားချိန် ၄၇ မိနစ်နဲ့ သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို တစ်မိနစ်တို့မှာ သွင်းယူခဲ့တဲ့ ဂယ်လာဂါရဲ့ သွင်းဂိုးနှစ်ဂိုး၊ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို လေးမိနစ်မှာ အန်ဇိုဖာနန်ဒက်ဇ်ကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍



ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ခေတ္တရပ်နားထားသည့် MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပြန်လည်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း အာရှဖလား ဖူဆယ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ရန် ခေတ္တရပ်နားထားသည့် MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၁၂) အဖြစ် ယနေ့ နံနက် ၈ နာရီတွင် ဖူဆယ်ချစ်သူအသင်းနှင့် လက်ဝဲသုန္ဒရအသင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် Winner Soccer အသင်းနှင့် MIU အသင်း၊ နံနက် ၁၁ နာရီခွဲတွင် Generations အသင်းနှင့် Dream Team အသင်း၊ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Futsal-19 အသင်းနှင့် VUC အသင်း၊ မွန်းလွဲ ၃ နာရီ တွင် M2K အသင်းနှင့် လင်းလက် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ✯

## MNL Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနား ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

Myanmar National League Cup 2024 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်တွင် သုဝဏ္ဏဘောလုံးကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂



## ယနေ့ ဖတ်စရာ

**၂၀၂၃ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၁၁

**သီရိလင်္ကာနိုင်ငံ၏ ပညာရေးစနစ်တွင် ဉာဏ်ရည်တုဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို ထည့်သွင်းသင်ကြားမည်**

စာမျက်နှာ » ၁၃

**အောင်မြေသာစံမြို့နယ်၊ ပြင်ဦးလွင်မြို့၊ ကျောက်ဆည်မြို့၊ မိတ္ထီလာမြို့နှင့် မကွေးမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲပြုလုပ်**

စာမျက်နှာ » ၁၅



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးကျေးဇူးများ**

စာမျက်နှာ » ၁၇